www.burmeseclassic.com

# မြန်မာတို့၏ "ကိုးကွယ်မှု" နှင့် "ကိုယ်ကျင့်တရား" သဘောတို့ကိုဒဿနရှုထောင့်မှ လေ့လာတင်ပြခြင်း

ဒေါ်စွမ်းကြည်

သုတေသနစာတမ်း

၂၀၀၀ ပြည့်နှစ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | စာမျက်နှာ |
|---|---|
| **နိဒါန်း** | |
| **အခန်း ၁။ ကိုးကွယ်မှု၏အနက်အဓိပ္ပာယ်** | ၁ |
| (က) ရှေးမြန်မာမင်းများလက်ထက်မြန်မာတို့၏ကိုးကွယ်မှု | ၃ |
| ၁။ ပျူနိုင်ငံဟန်လင်းခေတ်မြန်မာတို့၏ကိုးကွယ်မှု | ၆ |
| ၂။ သရေခေတ္တရာခေတ်မြန်မာတို့၏ကိုးကွယ်မှု | ၁၁ |
| ၃။ ပုဂံခေတ်မြန်မာတို့၏ကိုးကွယ်မှု | ၁၄ |
| ၄။ ပင်းယခေတ်မြန်မာတို့၏ကိုးကွယ်မှု | ၁၉ |
| ၅။ အင်းဝခေတ်မြန်မာတို့၏ကိုးကွယ်မှု | ၂၂ |
| ၆။ ကုန်းဘောင်ခေတ် မြန်မာတို့၏ ကိုးကွယ်မှု | ၂၅ |
| (ခ) လွတ်လပ်ရေးရပြီးနောက်မြန်မာတို့၏ကိုးကွယ်မှု | ၃၀ |
| **အခန်း ၂။ ကိုယ်ကျင့်တရား၏အနက်အဓိပ္ပာယ်** | ၄၆ |
| (က) ရှေးမြန်မာတို့၏ကိုယ်ကျင့်တရားအပြုအမူများ | ၄၇ |
| (ခ) မျက်မှောက်ခေတ်မြန်မာတို့ခံယူကျင့်သုံးသည့် ကိုယ်ကျင့်တရားအပြုအမူများ | ၅၈ |
| **အခန်း ၃။ ကိုးကွယ်မှုနှင့်ကိုယ်ကျင့်တရားသဘောတို့၏ ဆက်နွယ်နေပုံ** | ၆၃ |
| **အခန်း ၄။ မြန်မာတို့၏ကိုးကွယ်မှုနှင့်ကိုယ်ကျင့်တရားသဘောတို့ကို "လောကသာရပျို့"မှကောက်နုတ်တင်ပြခြင်း** | ၇၀ |
| **နိဂုံး** | ၈၄ |
| **ကျမ်းကိုးစာရင်း** | ၉၀ |


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကမ္ဘာလောကကြီးရှိ လူ့ဘောင်အဖွဲ့အစည်းတွင်၊ လူသား အချင်းချင်း တစ်ဦးနှင့်တစ်ဦးသော်လည်းကောင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့သော် လည်းကောင်း၊ နိုင်ငံတိုင်းပြည် တစ်ခုသည် အခြားတိုင်းပြည် နိုင်ငံတို့နှင့် သော်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံ၍ ကူညီရိုင်းပင်း ကြရပါသည်။ ထိုသို့ ဆက်ဆံကြရာတွင် တရားမျှတမှုကိုအခြေခံ၍ မေတ္တာစေတနာကောင်း ဖြင့်ကူညီဆက်ဆံကြသကဲ့သို့ အများအကျိုးကို စေတနာကောင်းဖြင့် ဆောင်ရွက်ရမည့်အစား မိမိအကျိုးကိုသာ ရှေ့တန်းထားဦးစားပေးကာ မရိုးသားမမျှတသောစိတ်ဖြင့် ဆောင်ရွက်ကြသည်ကိုလည်း လေ့လာတွေ့မြင် ရပါသည်။ “မည်သူမပြု–မိမိမှု”ဟူသော ဆိုရိုးစကားရှိသည့်အတိုင်းစိတ်ကောင်း စေတနာကောင်းနှင့် မေတ္တာရှေ့ထားကာ မိမိအကျိုး သူတပါးအကျိုး အတ္တ– ပရမျှတစွာ ကူညီဆောင်ရွက်ခဲ့လျှင် တူညီသောအကျိုးတရားကို ရရှိမည်။ ကောင်းကျိုးချမ်းသာကိုလည်း ခံစားရမည် ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ မိမိအကျိုးအတ္တနှင့် သူတပါးအကျိုး ပရများကို မကောင်းစိတ်ထား အရင်းခံ၍ ပြုလုပ်ဆောင်ရွက်ဆက်ဆံပါက မကောင်းကျိုးကိုသာ ရရှိမည်ဖြစ်သည်မှာ လောက၏တရားပင် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော “ဓမ္မပါလ” သတိုးသား ဝတ္ထုတွင် ပညာသင်သွားသော ဓမ္မပါလသတိုးသား၏ မိဘများထံသို့ အခြားလူသေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦး၏ အရိုးအိုးကိုယူဆောင်လာပြီး "သင်တို့၏သား ဓမ္မပါလ ကွယ်လွန်ပြီးဖြစ်၍ အရိုးအိုးကိုလာပို့ကြောင်း" ပြောကြားရာ မိဘဖြစ်သူများသည် မည်သို့မျှပူဆွေးဝမ်းနည်းခြင်းမဖြစ်ဘဲ "မိမိတို့၏သား အရိုးအိုးမဟုတ်နိုင်ကြောင်း မိမိတို့သားသည် အကျင့်သီလနှင့်ပြည့်စုံပြီး စာနာစိတ်၊ ကူညီရိုင်းပင်းစိတ်ရှိသူဖြစ်ကြောင်း၊ မိမိတို့သားသာမက မိမိတို့တစ်ရွာလုံး သီလစောင့်ထိန်းပြီး ဖြူစင်သောစိတ်ထား ရှိကြသဖြင့် ငယ်ငယ်ရွယ်ရွယ်ဖြင့်သေဆုံးသူမရှိကြကြောင်း ပြောကြားလိုက်သည်" ဤအချက်ကို ဖတ်ရှုရသဖြင့် ကိုယ်ကျင့်တရားကောင်းပြီး အကျင့်သီလဖြူစင်သူ စာနာညာတာစိတ်ရှိသူ၊ ဘုရား တရားသံဃာတို့ကို ကိုးကွယ်ဆည်းကပ်သူသည် အန္တရာယ်အပေါင်းမှ ကင်းဝေး၍ အသက်ရှည်းခြင်း အကျိုးတရားကိုပင် ရရှိနိုင်ကြောင်း သိရှိနိုင်ပေသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ပရိယတ္တိ၊ ပဋိပတ္တိအရာ၌ ထင်ရှားသော ရဟန္တာများအကြောင်းကို ဖတ်ရှုရသည်မှာလည်း အလွန်ကြည်ညိုဖွယ်ကောင်းပါသည်။

သို့ဖြစ်၍ သုတေသနစာတမ်းရှင်၏နည်းတူ ထင်ရှားသော ရဟန္တာပုဂ္ဂိုလ်ထူးများကို အများပြည်သူ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်အလို့ငှာလည်းကောင်း၊ ရှေးမြန်မာဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓမြတ်စွာဘုရားအား ယုံယုံကြည်ကြည်ကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဟောကြားအပ်သော တရားတော်များအတိုင်း ကိုယ်ကျင့်သီလစောင့်ထိန်းမှုများကို ယနေ့လူငယ်များ အတုယူဖွယ်ဖြစ်စေခြင်း အလို့ငှာ "ဤသုတေသနစာတမ်း" ကို စုဆောင်းရှာဖွေ တင်ပြရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသုတသေနစာတမ်းတွင် အပိုင်းအားဖြင့် (၂) ပိုင်း ပါဝင်ပါသည်။ တစ်ပိုင်းမှာ ကိုးကွယ်မှုအပိုင်းဖြစ်ပါသည်။ ကိုးကွယ်မှုအပိုင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု မြန်မာနိုင်ငံသို့ စတင်ခဲ့ပုံကို ရှင်အရဟံ သထုံမှ ဗုဒ္ဓဘာသာပြန့်ပွားအောင် ဆောင်ရွက်ခဲ့ပုံနှင့် ရဟန်းသံဃာများ၏ ပရိယတ္တိ၊ ပဋိပတ္တိစွမ်းအား မြင့်မားပုံတို့ကို ကြည်ညိုဖွယ်ဖြစ်အောင် ရှာဖွေတင်ပြထားပါသည်။ ကျန်တစ်ပိုင်းမှာ ဗုဒ္ဓဟောကြားခဲ့သောကျင့်ဝတ်ဓမ္မ (ကိုယ်ကျင့်တရား) များနှင့် သံဃာတော်များ ရှေးပညာရှိများ၏ ဟောကြားဆုံးမသော ကျင့်ကြံလိုက်နာအပ်သည့် “ကိုယ်ကျင့် တရား” ဆုံးမစာများအကြောင်းကို ရှာဖွေတင်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁
## ကိုးကွယ်မှု၏အနက်အဓိပ္ပာယ်

သတ္တလောက၊ သင်္ခါရလော၊ ဩကာသလောက စသည့် လောကကြီးသုံးပါးတွင် "လူ" ဟူ၍ ဖြစ်ပေါ်လာသည်။ လူသား၏ သမိုင်းစဉ်ကို လေ့လာကြည့်လျှင် လူသားသည် ရှေးဦးကာလတွင် တိရိစ္ဆာန်နှင့်မခြား ကြမ်းတမ်း ရိုင်းစိုင်းကြ၍ သားစိမ်း၊ ငါးစိမ်းများကို စားသောက်ကြသည်။ ထိုကမ္ဘာဦးအစ လူသားများသည် သဘာဝ ဘေးအန္တရာယ်များကိုလည်း ကြုံတတ်ကြသည်။ သားရဲတိရစ္ဆာန်များ၏ အန္တရာယ်နှင့်လည်း တွေ့ဆုံတတ်ကြ၏။ ဥပမာ–မိုးလေ ပြင်းထန်စွာရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်း ကျရောက်ခြင်း၊ ဒီရေတက်ခြင်း၊ တောမီးလောင်ခြင်းစသည့် သဘာဝ အန္တရာယ်များကို ကြုံတွေ့ရသကဲ့သို့ မြွေ၊ ဆင်၊ ကျား စသည့် သားရဲတိရစ္ဆာန် များ၏အန္တရာယ်ကိုလည်း ကြုံတွေ့ကြရသည်။

မြွေအန္တရာယ်ကို တွေ့ကြုံရင်ဆိုင်ရသူသည် လင်းယုန်ငှက်က လည်းကောင်း၊ ထိုသူ၏အသက်အန္တရာယ်ကို ကာကွယ်ပေးလိုက်သောအခါ ငှင်းငှက်ကို ကျေးဇူးတင်လှ၍ ရုပ်တုများထုလုပ်ပြီး ရှိခိုး ကိုးကွယ်နေခဲ့သည်။ ထိုသူ၏အဖြစ်အပျက်ကို အခြားသူများသိကြသောအခါ ၎င်းတို့လည်း အတုယူ၍ လင်းယုန်ငှက်ရုပ်တုကို လုပ်ပြီးလျှင် ကိုးကွယ်လာကြပြန်သည်။ ထို့အတူ

www.burmeseclassic.com

www.burmeseclassic.com



ကျားအန္တရာယ်နှင့် ရင်ဆိုင်ရသူသည်လည်း အသက်သခင်ကျေးဇူးရှင်ဖြစ်သည်။ ကျွဲရုပ်ကို ထုလုပ်ကိုးကွယ်ရာမှနေ၍ အခြားသူများလည်း ထိုသူကို အတုယူ၍ ကျွဲရုပ်ကိုထုလုပ် ကိုးကွယ်လာကြပါသည်။

တချို့မှာမူ တောင်၊ သစ်ပင်၊ ရေ၊ လေ၊ မီး၊ နက္ခတ်တာရာ၊ နတ်ကွန်း၊ နတ်စင်တို့တွင် မိမိတို့ယုံကြည်ရာကို ကိုးကွယ်လာကြသည်။ တစ်ဖန် တချို့လူတို့သည် နတ်ကွန်းများကို နတ်ကွန်းအနေဖြင့် မကိုးကွယ်ကြတော့ဘဲ "စေတီ" ဟုသမုတ်ပြီး ကိုးကွယ်လာကြပါသည်။

မြတ်စွာဘုရား၏ ရုပ်ပွားသဏ္ဌာန် ရုပ်သွင်ဆင်းတုတော်ပုံတူကို "မဟောသရ" နတ်မင်းက ပူဇော်သည်မှစ၍ ရုပ်တုတော်များကို ကိုးကွယ်မှု ဓလေ့ထုံးစံ စတင်ဖြစ်ပေါ်ခဲ့သည်ဟု အဆိုရှိပါသည်။

သို့ဖြစ်၍ လူသားတို့၏ "ကိုးကွယ်ခြင်း" အစကို လေ့လာကြည့်လျှင် "ကြောက်စိတ်"[၁] ဖြစ်ပေါ်ရာမှ စတင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပေသည်။

"ကိုးကွယ်မှု"[၂] ၏ အနက်အဓိပ္ပာယ်ကို ဖော်ပြရလျှင် မကောင်းမှုများ "ကွယ်ပျောက်" သွားရန် ပြုလုပ်ပေးနိုင်မည့် "အားကိုး" ရသောပုဂ္ဂိုလ်ကို ဆည်းကပ်အားကိုးခြင်း၊ တစ်နည်းအားဖြင့် ဆင်းရဲဒုက္ခအပေါင်းမှ "အကာအကွယ်" ပေးနိုင်မည့် "အားကိုး" ရသောပုဂ္ဂိုလ်ကို ဆည်းကပ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

---

၁။ awe ၂။ worship

www.burmeseclassic.com

www.burmeseclassic.com



ဤကမ္ဘာလောကကြီးရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် "ကိုးကွယ်မှု" အမျိုးမျိုးရှိကြပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံ၌ပင် နတ်ကိုးကွယ်သူ၊ မီးကိုကိုးကွယ်သူ၊ ဘုရားကိုကိုးကွယ်သူစသည်ဖြင့် "ကိုးကွယ်မှု" အမျိုးမျိုး ရှိပါသည်။ သို့သော် ကျွန်မအနေဖြင့် မြန်မာတို့၏ကိုးကွယ်မှုများမှ သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားနှင့် မြတ်ဘုရား၏ ဟောကြားခဲ့သော ကျင့်ကြံအားထုတ်သည့် အကျင့်သီလတရားဓမ္မများ၊ မြတ်ဘုရား၏ တပည့်သား သံဃာတော်များစသည့် "ရတနာသုံးပါး"အား ကိုးကွယ်မှုကို ဦးတည်တင်ပြမည် ဖြစ်ပါသည်။

## (က) ရှေးမြန်မာမင်းများလက်ထက် မြန်မာတို့၏ကိုးကွယ်မှု

လူသားတို့၏ ကိုးကွယ်မှုအဆင့်အတန်း တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာ၍ အိန္ဒိယနိုင်ငံ၌ ဟိန္ဒူဝါဒ၊ ဗြာဟ္မဏဝါဒ အမြင့်ဆုံးရောက်နေ ချိန်တွင် ကျွန်ုပ်တို့ကိုးကွယ်ရာ မြတ်ဗုဒ္ဓသည် လောကသုံးပါး၌ ပွင့်ထွန်းပေါ်ပေါက် လာပါသည်။ အချိန်အားဖြင့် ဘီစီ (၅၈၈) ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် လူသားတို့အစဉ်အလာအားဖြင့် ကိုးကွယ်လာ ကြသော တောတောင်၊ သစ်ပင် စသည့်အရာများမှာ ဘေးကင်းသော မြင့်မြတ်၍ အထက်တန်းကျသော ကိုးကွယ်ရာအစစ်မဟုတ်ကြောင်း ထိုအရာများကို ကိုးကွယ်ခြင်းဖြင့် ဆင်းရဲဒုက္ခမှ မလွတ်မြောက်နိုင်ကြောင်း မိန့်တော်မူပြီးနောက် ကိုးကွယ်ရာအစစ်ဖြစ်သည့် ရတနာသုံးပါးကို မိန့်ကြား ညွှန်ပြတော်မူခဲ့ပါသည်။ ထိုစစ်မှန်သည့် ရတနာသုံးပါးမှာ ဘေးကင်းသော၊

www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်၍ အထက်တန်းကျသော ကိုးကွယ်ရာဖြစ်ပြီး ယင်းရတနာသုံးပါးကို ကိုးကွယ်ခြင်းဖြင့် ဒုက္ခဆင်းရဲအလုံးစုံမှလည်း လွတ်မြောက်နိုင်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

"မြန်မာတို့၏ကိုးကွယ်မှု" ကို ဥပမာပြရလျှင် ဂေါတမဘုရားရှင် ပွင့်တော်မူစဉ် ရာဇဂြိုဟ်မြို့တွင် ဘုရားရှင်ကို ကိုးကွယ်သူ၏ကလေးနှင့် မိစ္ဆာဒိဋ္ဌိတို့ကို ကိုးကွယ်သူ၏ကလေးနှစ်ဦး ကစားကြရာ "နမောဗုဒ္ဓဿ" (ဘုရားအားရှိခိုးပါ၏)ဟု အာရုံပြုကစားသော ကလေးချည်းနိုင်သဖြင့် မိစ္ဆာဒိဋ္ဌိ ကိုးကွယ်သူ၏ ကလေးသည် အနိုင်ရရန်ရည်ရွယ်၍ ထိုနေ့မှစပြီး "နမောဗုဒ္ဓဿ" ကိုရွတ်ဆိုခဲ့၏။ တစ်နေ့တွင် ထိုကလေးသည် ဖခင်နှင့်အတူတောသို့ ထင်းခုတ်လိုက်သွားရာ အပြန်တွင် မှောင်ရီပျိုးလာသဖြင့် မြို့အပြင်သုသာန် အနီးရှိ ရေကန်ကြီးတွင် လှည်းဖြုတ်၍ ညစာစားကြသည်။ ထိုစဉ် နွားများ ကြိုးလွတ်၍ ထွက်ပြေးသဖြင့် ဖခင်မှာ နွားများနောက် လိုက်ရသည်။ ကလေးငယ်လည်း "နမောဗုဒ္ဓဿ"ကို ရွတ်ဆိုနေရာ၊ ကလေးအားစားရန် ချည်းကပ်လာသော ဘီလူးသည် မစားဝံ့တော့ဘဲ အစားအစာများကို ရွှေခွက်ဖြင့်ထည့်၍ ကျွေးခဲ့ရလေသည်။

ဤဖြစ်ရပ်တွင် ကလေးငယ်သည် ကစားရာ၌ အနိုင်ရလိုမှု အတွက် ဘုရားရှိခိုးကို လေ့ကျင့်မိရာမှ အသက်ဘေးမှ ကင်းဝေးရသည့်အကျိုးကို ရရှိခဲ့ရာ အမှန်တကယ်ယုံကြည်မှု သဒ္ဓါအစစ်ဖြင့် ဘုရားဂုဏ်တော်များကို ရှိခိုး ကိုးကွယ်ပါမှ ရရှိမည့်အကျိုးတရားသည် ရေတွက်၍မရနိုင်အောင် များပြားနိုင်ကြောင်း မြန်မာလူမျိုးတိုင်း ယုံကြည်လက်ခံထားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းစစ်မှန်သည့် ဘုရား၊ တရား၊ သံဃာတည်း ဟူသော "ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရာ၌" သဒ္ဓါနှင့်ပညာ ဤနှစ်ပါးနှင့် ပြည့်စုံရန် လိုအပ်ပေသည်။ ပညာမဖက် သဒ္ဓါတရားသက်သက်ဖြင့် ကိုးကွယ်ပါမူ အသိဉာဏ်မယှဉ်ရကား ကလေးသူငယ်တို့၏ ကိုးကွယ်ခြင်းနှင့် အလားတူ၍ အတု အစစ်၊ အမှန် အမှား မခွဲခြားနိုင်သဖြင့် အကျိုးမများလှပေ။ သဒ္ဓါပညာနှစ်ပါးစုံဖြင့် ကိုးကွယ်ပါမှ စစ်မှန်၍အကျိုးများသော ကိုးကွယ်မှုမျိုး ဖြစ်နိုင်ပေသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မိရိုးဖလာ ဓလေ့ထုံးစံ အနေဖြင့် လောကီမှုဖြစ်သော "ဘုရားကိုးဆူပူဇော်ခြင်း"ဟု ခေါ်သည့် ဘုရားရှင်ကို အမှူးထား၍ ရဟန္တာရှစ်ပါးနှင့်တကွ ဂြိုဟ်ကြီးကိုးလုံးပါ ပူဇော် ပသမှုတစ်ရပ်ကို "အာယုဝဍ္ဎနပုဏ္ဏားဧ၏သားငယ်" အသက်ကို ကယ်တော်မူရာမှ အစွဲပြု၍ ကိုးကွယ်ပူဇော်ခဲ့ကြလေသည်။

သို့ဖြစ်၍ ရှေးမြန်မာတို့သည် ဘုရား၊ တရား၊ သံဃာတည်း ဟူသော ရတနာသုံးပါးကို ယုံယုံကြည်ကြည် ကိုးကွယ်ကြပြီး အန္တရာယ်မှ ကင်းဝေးရန် ဘုရားကိုးဆူ ပူဇော်ခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

ရှေးမြန်မာမင်းများလက်ထက် မြန်မာတို့၏ ကိုးကွယ်မှုကို ခေတ်အားဖြင့် (၆)ခေတ် ခွဲခြားတင်ပြသွားမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ပျူနိုင်ငံဟန်လင်းခေတ် မြန်မာတို့၏ကိုးကွယ်မှု

ပျူလူမျိုးတို့သည် အေဒီ (၈၀၀) ပြည့်နှစ်တွင် တရုတ်ပြည်သို့ (၃၅)ဦးပါဝင်သော အနုပညာအဖွဲ့ စေလွှတ်ခဲ့ဖူး၏။ ပျူတို့၏ နတ်ဂီတကို တရုတ်တို့ ခံမင်ကြောင်း "ဖိုးချအိ" ဆိုသော စာရေးဆရာကြီးက မှတ်တမ်းတင်ခဲ့ဖူးလေသည်။ သူတို့သိသော သီချင်းများမှာ ဗုဒ္ဓဘာသာနှင့်စပ်ဆိုင်သည့် သီချင်းများဖြစ်၍ (၁၂)ပုဒ်ရှိကြောင်း သိရသည်။

ထိုအချိန်က လွန်စွာကြီးကျယ်ခမ်းနားသော ပျူနိုင်ငံကြီးတစ်ခုအကြောင်း တရုတ်တန် ရာဇဝင်ဟောင်း/သစ်တို့၌ ရေးသားထားချက်ကို အနည်းငယ် ကောက်နုတ်ဖော်ပြပါမည်။ ထိုမြို့တော်သည် မြန်မာပြည်အလယ်ပိုင်းလောက်တွင် ရှိမည်ဟု သုတေသီတို့ယူဆကြ၏။ ဟန်လင်းမြို့၌ပင်ဖြစ်ဖွယ်ရာရှိသည်။ တရုတ်လို "လင်းယန်ပြည်"ဟု ခေါ်သဖြင့် အသံဆင်တူယိုးမှားရှိ၏။ သာချင်းဆရာ "ဦးအောင်ဖြိုး"ရေး ဟန်လင်းသမိုင်းလည်းရှိသည်။ တရုတ်ယန်ရာဇဝင်၌ ပျူမြို့တော်တွင် တံခါး (၁၂)ပေါက်ရှိ၍ ထောင့်လေးဆောင်၌ စေတီများစွာရှိ၏။ မြို့တော်တံတိုင်းအတွင်း၌ ဗုဒ္ဓဝါဒီဘုန်းကြီးကျောင်း တစ်ရာကျော်ရှိ၏။ နန်းတော်တံခါးတစ်ဖက်တွင် ပေတစ်ရာခန့်မြင့်သော ကျောက်ဆင်းတုဖြူကြီး တစ်ဆူရှိ၏- စသည်ဖြင့် ကြီးကျယ်ခမ်းနား၍ ယဉ်ကျေးသောတိုင်းပြည်ကြီး တစ်ပြည်ဖြစ်ကြောင်း မှတ်တမ်းတင်ထား၏။

ဟန်လင်းပြည်သည် ဒဏ္ဍာရီပျူနိုင်ငံ မဟုတ်ကြောင်း ရှေးဟောင်းပစ္စည်းများက မြေမှထွက်ကာ သက်သေထူလျက် ရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မြန်မာတို့၏ "ကိုးကွယ်ရာ" အရိယာများအကြောင်းကို ထုတ်ဖော်ရာ၌ ဟန်လင်းကို မမေ့အပ်ချေ။ ခြေတော်ရာသမိုင်းမော်ကွန်းကို ရေးထိုးထားခဲ့သည့် မင်းတုန်းမင်းလက်ထက် ရတနာပုံနေပြည်တော် သတင်းစာဆရာ အယ်ဒီတာ "ဘိုးဝဇီရ" တင်ပြချက်အရ –

တစ်ချိန်က ဟန်လင်းပြည်၌ စိတ္တရာဇာ အမည်ရှိသောမင်း မင်းပြု၏။ မိဖုရားခေါင်ကြီးမှာ "ပဒုမဒေဝီ" ဖြစ်ပြီး တိုင်းပြည်စည်ပင်သာယာ၏။ သာသနာ စည်ပင်ပွင့်လင်း၏။ သို့သော် ညီတော်အိမ်ရှေ့မင်းသားက ပုန်ကန်ရန် ဗိုလ်ပါ အင်အားဖြင့် တိုက်ခိုက်၍ နောင်တော်နှင့် မရီးဖြစ်သူ နှုတ်ငုံတော် အရင့်အမာရှိသော မိဖုရားခေါင်ကြီးမှာ ရပ်ဖျောက်၍ ထွက်ပြေးကြရသည်။ ဟန်လင်းမှ တောင်စူးစူး (ယခုမြင်းမူမြို့နှင့် အုန်းတောကြား လက်ယာဘက် (၃)မိုင် ခန့်ရှိ) တောင်ရိုးခင်ငူ တစ်ခုသို့အရောက် ဂူဟောင်းကြီး တစ်ခုတွေ့ရာ ယင်းဂူဟောင်းကြီးတွင် သီလသီတင်းသုံးကာ နေထိုင်ကြသည်။ မကြာမီ သားရတနာကို ဖွားမြင်၏။ သားငယ်လည်း စကားတတ်၍ နားလည်သော အရွယ်မှစပြီး (၅) ပါးသီလကိုစောင့်ထိန်း၏။ မိဘများနှင့်အတူ သူတော်စင် ရှင်သာမဏေကဲ့သို့ သစ်ခေါက်ဆိုး အဝတ်ကိုသာ ဝတ်ရုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် တောလိုက်မုဆိုးက မြင်တွေ့သွားရာ မိဖုရားကြီးသည် မုဆိုးအား "မိမိတို့ ဤအရပ်မှာနေကြောင်း မည်သူ့ကိုမျှ မပြောပါလင့်"ဟု ဆိုကာ လက်မှလက်ဝတ် ရတနာကိုချွတ်၍ ပေးလိုက်သည်။ မုဆိုးမှတစ်ဆင့် ဟန်လင်း နေပြည်တော်မှ ညီတော်ဒိဗ္ဗရာဇာမင်း သိရှိသောအခါ ငါ့ရန်မအေးသေး"ဟု မိန့်တော်မူ၍ စစ်သည်ဗိုလ်ပါနှင့် တောနင်း၍ ဖမ်းဆီးစေ၏။ ဆင်သံ၊ မြင်းသံများကိုကြား ရလျှင် စိတ္တရာဇာမင်းသည် နဝရတ်လက်စွပ်ကို အခြေခံ၍ ရန်သူများ ဝိုင်းရံလာပြီကို အတတ်သိရကား မိဖုရားနှင့် သားတော်အား "အဘယ်နှမ၊ သံသရာဝဋ်ကြွေးကား ပြေး၍မရ၊ ဤအကုသလဝိပါက်သည် မောင်တော့် အတွက်ချည်း ဖြစ်ပါစေ၊ သားတော်ကို ယခုပင်ခေါ်၍" တော်ရာ လွတ်ကြောင်း ပုန်းအောင်းပချေဟု စေလွှတ်၍၊ မိမိမှာမူ ဂူဝ၌ တရားနှလုံးသွင်းကာနေရင်း အဖမ်းခံ ရှာလေသည်။

သူတော်စင်သားအမိနှစ်ဦးသည် ခြေဦးတည့်ရာပြေးရာ၊ တောတွင်းရှိ ဘုန်းတော်ကြီးတစ်ပါး၏ တောရကျောင်းသို့ ရောက်၏။ ဘုန်းတော်ကြီးသည် ပဋိသန္ဓာရ (နှုတ်ခွန်းဆက်) စကားပြောပြီး "တရားမှတစ်ပါးကိုးကွယ်ရာမရှိ၊ ချမ်းသာ ဟူသည် ညေ့်သည်သာတည်း"ဟု မိန့်ကာ သောကကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောပေး၏။ သားအမိကို မရဏသတိနှင့် မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းခိုင်းလေ၏။ နေ့ည မကြာပင် တရား ဟောပြ၍ သားငယ်ကို ရှင်သာမဏေ ပြုပေးလေသည်။

“ထောင်သွင်းအကျဉ်းချထားသော စိတ္တရာဇာမင်းအား ညီတော်က ကွပ်မျက်ရန် စီစဉ်နေပြီ” ဟူသောသတင်းသည် တရားရှုနေသော မိဖုရားကြီးအား မူးမေ့စေတော့သည်။ မိဖုရားကြီးသည် ထိုအကြောင်းကို ဘုန်းတော်ကြီးအား လျှောက်ထား၍ သားရှင်သာမဏေနှင့် ဟန်လင်းပြည်သို့ လာခဲ့ကြ၏။ သားအမိနှစ်ယောက်သည် ညီလာခံသဘင် ကျင်းပနေဆဲ ဝင်ရောက်လာကာ ညီလာခံသို့ ရောက်မဆိုက် မှာပင်–

“ဘထွေးတော်မင်းကြီးကျွန်ုပ်သည်သင်၏တူတော်ဖြစ်၍ သူကား သင်၏မရီး ကျွန်ုပ်၏မယ်တော် ဖြစ်သည်။ ခမည်းတော်ကိုယ်စား အသတ်ခံရန် လာခြင်းဖြစ်သည်။ ယခုချက်ချင်း တွင်းကြီးစွာတူး၍ ရှားသားမီးကျီးဖြင့် ကျွန်ုပ် အားဖို့၍သတ်ပါ” ဟု ရှင်သာမဏေလေးကဆို၏။ ရက်စက် ကြမ်းကြုတ်သော အမတ်တစ်ဦး၏ တိုက်တွန်းချက်အရ ဒိဗ္ဗရာဇာမင်းက သတ်ရန်အမိန့်ပေးလေရာ အာဏာသား ရှားသားမီးကျီးများကို သူ့ထက်ငါ လောင်းဖို့ကြ၏။ သာမဏေငယ်မှာ မျက်စိစုံမှိတ်၍ မရဏသတိပွားပြီး

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရာ မည်သို့မျှမဖြစ်ဘဲ ရုပ်နာမ် ဖြစ်ပျက်ဆင်ခြင်လျက် နေ၏။ ထိုခဏ၌ပင် ရဟန္တာဖြစ်တော်မူ၏။ သာမဏေရှေ့တွင် ကြာဖူးကြီး ပေါ်ပေါက်လာ၍ နန်းတော်တစ်ခုလုံး မွှေးကြိုင်သွားသည်။ ကြာပွင့်အလယ်၌ ပရိက္ခရာရှစ်ပါးလွယ်ကာ ကောင်းကင်၌ ပျံဝဲရာမှ အမတ်များ၏ လျှောက်တင်ချက်အရ ရောက်ရှိလာသောမင်းကြီးအား –

"ဘဝတစ်သက်တာသည် ခဏမျှသာတည်း။ ကြီးသူတရားစောင့်မှ ငယ်သူစောင့်မည်။ လူတို့တရားစောင့်မှ ချမ်းသာကြမည်။ ပြုသူအသစ် ဖြစ်သူအဟောင်းပင်တည်း" ဟု တရားဟော၏။

ထိုအခါဒိဗ္ဗရာဇာသည် အပြစ်ကိုဝန်ချ၍ နောင်တော်အား နန်းတော်ကို နန်းပြန်အပ်၏။ နောင်တော်လည်း သားတော် ဟောကြားသောတရားကို နာယူကျင့်သုံး၍ နေတော့မည်ဟု ဆိုကာ မူလနေရာဟောင်းသို့ သားအဖသုံးဦး ပြန်ခဲ့ကြ၏။ ညီတော်လည်း ပစ္စည်းလေးပါး ဖိတ်မန္တကပြု၍ ဆုံးမသမျှ နာခံပါမည်ဟု ကတိပြုလိုက်၏။

မီးထဲမှပေါက်သော ကြာကဲ့သို့ အလွန်ဖြစ်ခဲသော သားရတနာသည် ဈာန်အဘိညာဉ်ရ (ပဒုမုတ္တရ) ရဟန္တာ ဖြစ်တော်မူ၍ "ကောင်းကင်မှ ဟန်လင်းသို့ ဆွမ်းခံကြွပြီး

www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးအား တရားပစ္စည်း ဤနှစ်နည်းဖြင့် ချီးမြှောက်တော်မူ၏။ ပဒုမဒေဝိမိဖုရားကြီး၏ မီးထဲမှ ကြာသည် မြန်မာနိုင်ငံ ပဋိယတ္တိသာသနာဝင်၌ ထာဝစဉ်မွှေးပျံ့လေတော့၏" ဟူ၍ ရေးသားထားပါသည်။

"ဘိုးဝဇိရ"၏ တင်ပြချက်ကို ထောက်ရှုခြင်းဖြင့် ပျူနိုင်ငံ ဟန်လင်းခေတ်တွင် မြန်မာတို့သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့ကို ကိုးကွယ်ကြ၍ ဗုဒ္ဓ၏တရားတော်များကို ယုံကြည်အားထားကြောင်း သိသာထင်ရှားပါသည်။

## ၂။ သရေခေတ္တရာခေတ် မြန်မာတို့၏ကိုးကွယ်မှု

သရေခေတ္တရာခေါ် ရသေ့ပြည်တွင် သာသနာ ၁၀၁ ခုနှစ်၊ ဒွတ္တပေါင်မင်းကြီးလက်ထက် ရဟန္တာအရှင်မြတ် သုံးထောင်ရှိကြောင်း၊ နေ့စဉ်ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြောင်း၊ ဓာတ်တော် မွေတော်များကိုလည်း စေတီ၊ ပုထိုးများ၌ ဌာပနာ၍ ကိုးကွယ်ကြောင်း ရာဇဝင်နှင့် သာသနာဝင် သမိုင်းတို့၌ ဆိုထားသည်။

မြို့တည်သောအခါကပင် တန်ခိုးဣဒ္ဓိပါတ်ကြီးမား၍ အဘိညာဉ်နှင့် ပြည့်စုံသည့် ဗိဿနိုးမည်သော ရသေ့တစ်ပါး ပါဝင်ကြောင်း ကျန်စစ်သားမင်းကြီးကျောက်စာ၌ ပြဆိုထား၏။ သရေခေတ္တရာ၌ ဗုဒ္ဓဝါဒစစ်စစ် ထွန်းကား၍ ရဟန္တာအများရှိခဲ့သည်ကို ယုံမှားဖွယ်မရှိ။ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများနှင့်စေတီကြီးများက သက်သေထူလျက် ရှိကြကုန်၏။ သို့ရာတွင် မဟာ

www.burmeseclassic.com

www.burmeseclassic.com



ယာနနှင့် ဗြဟ္မဏ (ဟိန္ဒူ) ဝါဒများ ရောထွေးအားပြိုင်လျက် ရှိခဲ့ကြောင်းလည်း ထင်ရှားနေပေသည်။

သာသနာတော်နှစ် ၄၃၃ ခုနှစ်တွင် ကြက်ခေါင်းစားတေပါးမင်း မင်းပြု၏။ ထိုမင်းလက်ထက် ရဟန္တာ၀ါးရာရှိရာ နေ့စဉ် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ လွန်စွာ များပြားကြောင်း သာသနာ၀င်၌ မှတ်တမ်းတင်ကြသည်။ သို့ရာတွင် မဟာ ရာဇဝင်ကြီး၌ ရက္ခန်မင်း၊ ဘေရိန္ဒမင်းစသော မင်းများလက်ထက်၌ ဟူးရားဗေဒင်၊ ဆေးဝါးအတတ်၌ လွန်စွာတတ်မြောက်ကြောင်းပါရှိရာ ဗုဒ္ဓဝါဒသည် လောကီယ၊ ဝိဇ္ဇာပညာရပ်များနှင့် ဘတစ်ပြန် ကျားတစ်ပြန် ရှင်သန်ခဲ့ရကြောင်း တွေ့ရပေသည်။

သရေခေတ္တရာတွင် ရှင်ဥတ္တမခေါ် ပုဂ္ဂိုလ်ထူးတစ်ပါးလည်း ပေါ်ပေါက် ခဲ့၏။ မုဋ္ဌမင်းလက်ထက် ၅၆၆ ခုနှစ်၊ တပို့တွဲလပြည့်၊ တနင်္ဂနွေ နေ့တွင် မဏ္ဍူဂုံးရွာ တောင်ယာရှင် ဦးပေါစ – ဒေါ်ညာတို့မှဖွားမြင်သည်။ (၇)နှစ် အရွယ်တွင် နန်းတွင်းဆရာတော်ထံ သာမဏေပြု၍ (၁၉)နှစ်တွင် ပိဋကတ်သင်ရိုးပေါက်၏။ ရဟန်းပြု၍ သမထအားထုတ်သည်။ နှစ်ဝါအရတွင် ဝိပဿနာတရားအားထုတ်ရာ ကမ္မဋ္ဌာန်းပေါက်ရောက်သည်ဟု ကျော်ကြားပြီး သုမုဒ္ဒရီမင်းကြီးက သံဃာ့အလယ်တွင် “သီရိဘွဲ့” တပ်ကာ “အရှင်ဥတ္တမသီရိ” ဘွဲ့ဖြင့်ကိုးကွယ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါ သရေခေတ္တရာမြို့အရှေ့ နှစ်ယူဇနာအရပ် ဆင်ဦးခေါင်း သဖွယ်ရှိသောတောင်၏ တောင်ဘက်၌ ဒိဗ္ဗစက္ခုရသေ့နေဖူးသော ကျောက်ဂူတွင် ဝိပဿနာတရားကို ပွားများအားထုတ်နေ၏။ တစ်နေ့သောနေ့ခင်း ဆွမ်းစား ပြီးချိန်တွင် ကပ္ပိယလူသူတော်သည်ရရှိလာသော ကြေးပုရပိုက်ကို ကမ္မဋ္ဌာန်း ထိုင်နေသော ရှင်ဥတ္တမအားပြသဖြင့် ဖတ်ရှုရာ ထူးဆန်းသော အက္ခရာများတွေ့ ရ၏။ ကမ္မဋ္ဌာန်းအလုပ်ဖျက်၍ တစ်နေကုန်ဖတ်ရှုရာ ဖတ်ပြီးသည်နှင့် မိုးလေ ပြင်းထန်စွာ ရွာသွန်းပြီး မှောင်အတိကျကာ အနီးရှိကြေးပုရပိုက်လည်း ပျောက်ကွယ် သွားလေသည်။ ညဉ့်ဦးယံတွင် ကြေးပုရပိုက်ပါ အက္ခရာတို့ကို ပြန်စဉ်းစား၍ မှတ်မိသမျှ ညဉ့်သုံးယံလုံး သစ်ပုရပိုဒ်တွင် ရေးထား၏။ ညဉ့်တစ်ယံ၊ တစ်ယံလျှင် အကျိုးသုံးမျိုး ပြီးစေသော ကျမ်း (၃)ကျမ်းစီ ပေါင်း (၉)ကျမ်း ရေးသားပြီးလေသည်။ နံနက်မိုးလင်းသောအခါ သစ်ပုရပိုက်မှ ပေသို့တစ်ဆင့် ရေးတင်လေသည်။ ၎င်းကျမ်းမှာ သရာဘူကိုးတွဲဟုခေါ်၍ ယခုတိုင်ရှိလေသည်။ ယင်းကျမ်းတို့ကား ဂန္ဓရီဝိဇ္ဇာရပ်ဝင် မဟာယာန အရည်းကြီးများ၏ အင်းကျမ်းများသာ ဖြစ်ပေသည်။

ဤအချက်များကိုထောက်ရှု၍ သရေခေတ္တရာခေတ်တွင် မြန်မာ တို့၏ ကိုးကွယ်မှုသည် ဗုဒ္ဓ၏အဆုံးအမ၌ တည်နေသည်ကို တွေ့မြင်နိုင်သကဲ့သို့ တစ်ဖက်တွင် အရည်းကြီးများ၏ လွဲမှားသောအယူဝါဒများလည်း ပေါ်ပေါက်ခဲ့ ကြောင်းသိရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ ပုဂံခေတ်မြန်မာတို့၏ကိုးကွယ်မှု

သက္ကရာဇ် ၄၀၆ ခုနှစ်၊ ပုဂံပြည်၌ အနော်ရထာမင်းကြီး နန်းတက်စကာလတွင် မင်းအဆက်ဆက် အဓမ္မဝါဒဖြန့်ခဲ့သော မဟာယာန အရည်းကြီးများအား မင်းကြီးစိတ်နှင့်မတွေ့သော်လည်း ဆက်လက်ကိုးကွယ်နေရသည်။ အရည်းကြီးများ၏အင်အားသည် ခေါင်းဆောင်သုံးကျိပ်၊ ငယ်သားခြောက်သောင်း ရှိလေသည်။

ထိုစဉ်အခါတွင် သထုံပြည်မှ "အရှင်သီလဗုဒ္ဓိ"အမည်ရှိသော ရဟန္တာအရှင်မြတ်သည် တပည့်ဖြစ်သူ "ရှင်အရဟံ"ကို ငယ်စဉ်ကပင်စောင့်ရှောက်၍ ရဟန်းပြုပေးခဲ့၏။ ဗေဒင်လေးပုံနှင့်တကွ ပိဋကတ်ကျမ်းဂန်တတ်မြောက်သော ရဟန္တာအဖြစ် ကျော်စောသဖြင့် သောက္ကတဲမြို့ (ယိုးဒယားပြည်ရှိ ပူရိမြို့) မှ ဒကာများပင့်၍ ကြွရောက်သီတင်းသုံးရ၏။ (၁၀)နှစ်ကျော်နေပြီးမှ သထုံသို့ကြွလာ၍ တောရကျောင်း၌ နေတော်မူ၏။

သီလဗုဒ္ဓိရဟန္တာ အရှင်မြတ်ကြီးကား ပုဂံပြည်၏ သတင်းကိုကြားသိသဖြင့် ရှင်အရဟံကို ပုဂံသို့သွား၍ သာသနာပြုရန် တာဝန်ပေးလေသည်။ ရှင်အရဟံလည်း သားရေနွယ်အခင်းကို ပခုံးတင်၊ သပိတ်လွယ်၍ သထုံမှထွက်ခဲ့ရာ ပုဂံပြည်အနီး တောအုပ်တစ်ခု၌ အမောဖြေလေသည်။ ထိုအခိုက် မုဆိုးတစ်ယောက်ကတွေ့၍ နေပြည်တော်သို့ ခေါ်ဆောင်သွား၏။

အနော်ရထာမင်းကြီးလည်း ရှင်အရဟံ၏ ဣန္ဒြေကို ဖူးမြင်ရသဖြင့် သူတော်စင်ဟုယုံကြည်၍ "သင့်မြတ်ရာနေရာကို ကြည့်၍နေလော့"ဟု သဘောကိုစမ်း၍ လျှောက်လျှင် ရှင်အရဟံသည် ရာဇပလ္လင်ပေါ်တက်၍

www.burmeseclassic.com

www.burmeseclassic.com



နေတော်မူ၏။ "ဤသူကား သူတော်သူမြတ်အစစ်တည်း"ဟု နေရာယူပုံကို ကြည့်၍ ပီတိဖြစ်ပြီး "အရှင်ကား အဘယ်သူ၏ အဆုံးအမကို ခံယူပြီး အဘယ်မှ ကြွလာ၍ အဘယ်အမျိုးအနွယ် ဖြစ်ပါသနည်း"ဟု လျှောက်ထား၏။ "ငါကား သမ္မာသမ္ဗုဒ္ဓဘုရား ဟောကြားသော အဆုံးအမကိုခံယူ၍ ငါ၏ဆရာနှင့်သီတင်းသုံးဖော်များရှိရာ သထုံပြည်မှလာခဲ့ပြီး အစ်ွေ့ယျသမ္မာ သမ္ဗုဒ္ဓဘုရားရှင်၏ အမျိုးအနွယ်ဖြစ်ပေသည်"ဟု မိန့်ကြား၏။ "ထိုတရားကို ကျွန်ုပ်အားဟောပြ တော်မူပါ"ဟု မင်းကြီးက လျှောက်ထားရာ (သိရိဓမ္မာသောက မင်းကြီးအား နိဂြောဓသာမဏေဟောသကဲ့သို့) ဒါန၊ သီလ၊ ဘာဝနာ တရားတို့၌ မမေ့မလျော့ရန် အပ္ပမာဒသတိတရားကို အကျယ်တော်မူ၏။

ထိုအခါ မင်းကြီးက "ဘုရားရှင်ဘယ်မှာရှိသနည်း၊ တရားတော်ကားမည်မျှများပါသနည်း။ အခြားတပည့်သံဃာများ ပါသေးသလောဟု ဝမ်းမြောက်စွာ လျှောက်ထားရာ ရှင်အရဟံက" ဘုရားရှင်ကား ပရိနိဗ္ဗာန် စံတော်မူ၍ ဓာတ်တော်များသာ ရှိတော့သည်။ ပိဋကတ်သုံးပုံ ဓမ္မခန္ဓာအားဖြင့် ၈၄၀၀၀ ပေရှိ၏။ သထုံပြည်၌ ပိဋကတ်သုံးပုံ အစုံသုံးဆယ်ပင် ရှိပေသည်။ "ငါမှတစ်ပါး သံဃာများလည်း များစွာရှိကြသေးသည်"ဟု ပြန်လည်ပြောကြားရာ မင်းကြီးက "ဝမ်းမြောက်လှပါသည်ဘုရား၊ အရှင်မှတစ်ပါး အခြားကိုးကွယ်အားထားရာမရှိပါ။ ကျွန်ုပ်၏အသက်ကိုပင် အပ်နှင်းလှူဒါန်းပါ၏။ တရားအဆုံးအမပေးသည့်အတိုင်း ခံယူပါမည်ဘုရားဟု လျှောက်ထား၍ နေပြည်တော်အရှေ့ဘက်၌ "ဇေတဝန်" ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၏။

www.burmeseclassic.com

www.burmeseclassic.com



အေဒီ ၁၂၄၃ ခုနှစ် ရှင်အရဟံ၏ကျောင်းတိုက်တွင် သံဃာတော် စာသင်သားများနေရန် ကျောင်းပေါင်းနှစ်ဆယ်ရှိသည်ဟု ကျောက်စာပုံ ၁၅၂/၆ ၌ ပါရှိသည်၊ မင်းကြီးလည်း ရေကိုထမ်း၊ မိဖုရားကြီးလည်း ဆွမ်းကိုရွက်ကာ နေ့စဉ်သွားရောက် လှူဒါန်းကြသည်။ သာသနာရေးနှင့် စပ်သမျှလည်း လျှောက်ထားမေးမြန်းလေသည်။ အရည်းကြီး (၆)သောင်းကိုလည်း လူဝတ်လဲကာ အဲမောင်း၊ လှံကိုင်၊ ဆင်ချေး၊ မြင်းချေး ကျုံးထားတော်မူ၏။ အရှင်အရဟံလည်း သာသနာကြည်ညိုသူများအား ရဟန်းခံပေးလေသည်။ ထိုခေတ်တွင် သံဃာ သုံးသောင်းကျော်ရှိကြောင်း၊ ဝိသဒိပနီ၌ ဆိုထား၏။ မင်းနှင့်ဆရာတိုင်ပင်၍ သာသနာအညစ်အကြေးတို့ကို ဆေးကြောသုတ်သင် တော်မူကြ၏။

သက္ကရာဇ် ၄၁၉ နှစ်တွင် ရှင်အရဟံ၏ တိုက်တွန်းချက်အရ ဓာတ်တော်မွေတော်နှင့် ပိဋကတ်များကို ပင့်ဆောင်ရန် စကားချေသော အမတ်တို့အား လက်ဆောင်ပဏ္ဏာတို့ဖြင့် သထုံပြည် မနုဟာမင်းထံ စေလွှတ်၏။ မနုဟာမင်းက "မိစ္ဆာဒိဋ္ဌိတို့နှင့် တန်ရာသလော"ဟု ဆိုသဖြင့် မင်းကြီး အမျက်ဒေါသထွက်ပြီး ကြည်းရေနှစ်တန်စစ်ခင်း၍ သထုံသို့ စစ်ချီတော် မူလေသည်။ ပိဋကတ် အစုံသုံးဆယ်နှင့် ဓာတ်တော်မွေတော်များကို ဆင်အစီးသုံးဆယ်နှင့်တင်၍ ပုဂံသို့ပင့်ဆောင်ခဲ့၏။ ပိဋကတ်တတ်ကျွမ်းသော အရိယာပုဂ္ဂိုလ်များကိုလည်း တင်ဆောင်လာခဲ့လေသည်။ ထိုပိဋကတ်ကျမ်း များသည် နောင်ကာလတွင် သီဟိုဠ် (သီရိလင်္ကာ) မှရရှိသော ပိဋကတ်ကျမ်းတို့နှင့် ရှင်အရဟံကိုယ်တိုင် တိုက်ဆိုင်တည်းဖြတ်ရာ မကွဲလွဲ အညီအညွတ်ပင် ရှိသည်ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



သထုံမှ ပိဋကတ်ကျမ်းများ ရောက်ရှိသည့် သာသနာ ၁၆၀၁၊ ကောဇာ ၄၁၉ မှစ၍ စစ်မှန်စင်ကြယ်သော သာသနာတော်ကြီးသည် ပုဂံပြည်ကြီး၌ ပွားစီတိုးတက်လာလေသည်။ ပုဂံတွင် ပိဋကတ်တိုက်မှာ ယနေ့ထိ ရှိနေပါသည်။

ရှင်အရဟံသည် အလောင်းစည်သူမင်းကြီးလက်ထက် နန်းစံ(၂)နှစ်၊ အရှင်၏သက်တော် (၈၁)တွင် ပရိနိဗ္ဗာန်ပြု၏။ မင်းနှင့်ပြည်သူတို့ (၇) ရက် ပတ်လုံးပူဇော်ပွဲ ကြီးစွာကျင်းပ၍ မီးသဂြိုဟ်ကြ၏။ ဓာတ်တော်များကို ရွှေတလားတွင်ထည့်သွင်း၍ တူရွင်းတောင်ခြေ၌ ဂူတည်ထားပြီးကိုးကွယ်ကြ၏။ ရှင်အရဟံ၏ပုံကိုလည်း ထုလုပ်ပူဇော်ကြသည်။ ယခုတိုင် အာနန္ဒာဘုရားအတွင်း၌ ရှိ၏။ ယင်းဂူမှာ ပုဂံတည်စမူလ (၁၉) ရွာ အပါအဝင် တော်ပရွာ၊ အနောက်မြောက် တာ ၅၀၀ ကွာ၌ တည်ရှိသော ထီးဆောင်းဘုရားပင် ဖြစ်၏။ ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးနန္ဒဝံသ မဟာထေရ်ရေး "ရွှေစည်းခုံသမိုင်း ကျမ်းသစ်"တွင်ပါရှိ၏။

မြန်မာပြည်သူပြည်သား အဆက်ဆက်၏ ကျေးဇူးရှင် ဘုရားရှင်၏ သားတော်ကြီး ရဟန္တာရှင်အရဟံ၏ သာသနာပြုလုပ်ငန်းကား မြန်မာပြည်၏ သာသနာပြုသမိုင်းတွင် အမြင့်မားဆုံးဖြစ်ပေတော့၏။

ပုဂံခေတ် နရပတေ့စည်သူမင်းလက်ထက်တွင် ရဟန္တာဟု ကျော်ကြားသော"ပေါင်းလောင်းရှင်ကဿပ" ရဟန္တာတစ်ပါး ပေါ်ပေါက်ခဲ့ ဖူးသည်။ ယခင် ပခန်းနယ်၊ ယခုပခုက္ကူ အနောက်တောင်ရိုးအနီးရှိ ဂုနီ နေဝင်ရွာဇာတိဖြစ်၏။ ဤဘဝတွင်ပင် တရားထူးရမည့်ပုဂ္ဂိုလ်မှန်လျှင်

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြီးမားသော သေဘောကြီးနှင့် ရင်ဆိုင်ရစေကာမူ သေရိုးထုံးစံမရှိ။ ဉာဏဝိပ္ပာရက္ခဒ္ဓိခေါ်၏။ ပေါင်းလောင်းရှင် ကဿပအရှင်မြတ်၌ ဤအစွမ်းများ ရှိနေသည်ကိုတွေ့ရသဖြင့် ရဟန္တာဟု အများက ယူဆခဲ့ကြပေသည်။

ပေါင်းလောင်းရှင်ကဿပသည် ယောနယ်တောတောင်အရပ်သို့ သာသနာပြု ကြွတော်မူစဉ် မုံရွာမြို့မှမိုင် (၆၀) အကွာ ပုံတောင်ပုံညာအရပ်တွင် ပျံလွန်တော်မူ၏။ ထိုနေရာ၌ မြှုပ်နှံသင်္ဂြိုဟ်ကြသည်။ အရိမေတ္တယျဘုရား ပွင့်သည့်အခါ ထိုအလောင်းတော်သည် တေဇောဓာတ်လောင်မည်ဟု ဆိုကြ၏။ ယခုအခါ အလောင်းတော်ကဿပဟူ၍ သွားရောက်ဖူးမြော်ကြသည်ဟု ပညာဝန် ဦးဖိုးကျား၏ အလောင်းတော်ကဿပစာအုပ်၌ ဆိုထားပါသည်။

ပုဂံခေတ်တွင် ဈန်အဘိညာဉ်ရသည်ဟု ကျော်ကြားသော အခြား ပုဂ္ဂိုလ်ထူးများလည်း ရှိပေသေးသည်။ ထိုပုဂ္ဂိုလ်များထဲမှ ပြည်နန်းတောင်များ မင်း၏ဆရာတော်သည် တစ်နေ့သောအခါ ပဲခူးမြို့ရှိဆင်ဖြူများရှင် မင်းတရားကြီး နတ်ရွာစံသောခဏမှာပင် သိမြင်တော်မူ၍ "အိုအဘ"ဟု နှုတ်မှထွက်မိ၏။ မလှမ်းမကမ်းတွင်ရှိသော တပည့်တစ်ယောက်က ကြားလိုက်မိ၍ မှတ်ထားသည်။ နောက် သတင်းကြားရသောရက်နှင့် မှတ်သားထားသောရက် ကိုက်ညီနေသည် ဟူ၏။ ပုဂံထက်သေးကြီးမထေရ်လည်း မဟာဂိရိနတ် နေ့စဉ်ဆည်းကပ်လာ၍ အမှုအခင်းရှိလျှင် စေခိုင်း၍ရသည် ဟုဆို၏။ "ဝိသုဒ္ဓိမဂ္ဂဒီပနီ" ၌ ဈန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဟုဆို၏။

ပုဂံခေတ် ပဋိပတ္တိသာသနာအထောက်အထားများကို အသေးစိတ် မဖော်ပြနိုင်သော်လည်း ကမ္မဋ္ဌာန်းတရားများအ လွန်ပြန့်ပွားထွန်းကားသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားလှပေသည်။ ဗြဟ္မဝိဟာရ၊ ဗုဒ္ဓါနုဿတိနှင့် အာနာပါနကမ္မဋ္ဌာန်းများ အသုံးများကြောင်းကိုလည်း တွေ့ရှိရ၏။

အထက်ပါအကြောင်းအချက်များကို ကြည့်ခြင်းဖြင့် ပုဂံခေတ်တွင် ဗုဒ္ဓ၏သားတော်ရဟန္တာများ ပေါ်ပေါက်ခဲ့ပြီး ယခင်အရည်းကြီးတို့အား ကိုးကွယ်ရာမှ မြန်မာတို့၏ကိုးကွယ်ရာ အစစ်အမှန်ဗုဒ္ဓ၏တရားတော်များ ထွန်းကားခဲ့ကြောင်း သိရှိနိုင်ပါသည်။ မင်းနှင့်တကွ ပြည်သူပြည်သားတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြသည်ဟု ဆိုရပါမည်။

## ၄။ ပင်းယခေတ်မြန်မာတို့၏ကိုးကွယ်မှု

ပုဂံပြည်ကြီး ပျက်စီးပြီးနောက် မြင်စိုင်းစသောအရပ်များတွင် ဝါးအစည်းပြေသကဲ့သို့ ကစဉ့်ကလျားဖြစ်ရ၏။ သာသနာလည်း ညှိုးမှိန်ခဲ့ရသည်။ မဟာယာနအရည်းကြီးတို့လည်း တောစွန်အုံဖျားတိမ်းရှောင်ရာမှ တစခန်းထသည့်ခေတ်ဖြစ်သည်။ တစ်စီးရှင်သီဟသူသည် ၆၇၄ – ခုနှစ်တွင် ပန်းရမြို့ (ပင်းယ) ကိုတည်၏။ ဥဇ္ဇနာ၊ ကျော်စွာ၊ အသင်္ခယာစောယွန်းဟု သားတော်သုံးပါးရှိရာ သားအငယ်စောယွန်းထံတွင် အရည်းကြီးတို့ မင်းမှုထမ်းကြပြီး မင်းသားနှင့် သောက်ဖော်သောက်ဖက် ဖြစ်ကြ၏။ ထိုခေတ်သာသနာကား မဟာယာနရောထွေးလာသော သာသနာဖြစ်သွားရပြန်၏။

မြန်မာပြည်၏ ကံ၊ သာသနာတော်၏ တန်ခိုးကြောင့် ရှင်အရဟံကဲ့သို့ ကယ်တင်မည့်ပုဂ္ဂိုလ်ထူး ပေါ်လာရသည်။ ထိုပုဂ္ဂိုလ်ကား ရှင်ဒိဗ္ဗစက်ရဟန္တာထွေးပင်ဖြစ်သည်။ ဒိဗ္ဗစက်ဆိုသည့်အတိုင်း အဘိညာဉ်ရ ရဟန္တာမထေရ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော်မူ၏။ ရှင်ဒိဗ္ဗစက်ရဟန္တာထွေးသည် ဆရာ မဟိန္ဒပါလမထေရ် တိုက်တွန်းချက်၊ စစ်ကိုင်းသောတာပန်နတ်ကြီး၏ ပင့်လျှောက်ချက်အရ ၆၇၄–ခုနှစ်တွင် သာသနာပြုကြွတော်မူ၏။ ဦးစွာ သီဟိုဠ် (သီရိလင်္ကာ) ဓာတ်တော် ရှစ်ဆူပင့်ကာ ပုဂံသို့ရောက်၏။ ထိုနှစ် တပို့တွဲလပြည့်ကျော်သုံးရက် ကြာသပတေးနေ့ မွန်းတက်ချိန် အင်းဝမြို့တည်ရာအရပ်သို့ ကြွရောက်လာ၏။ ပင်လယ်မှလာသော သီဟသူလည်း မြစ်ငယ်မှအင်းဝ၊ အင်းဝမှသည် အနောက်ဖက်သို့ စစ်သည်များနှင့်ခရီးထွက်ခိုက် ကောင်းကင်၌ ရပ်တည် တော်မူသော ရှင်ဒိဗ္ဗဆရာ၏ ဩဝါဒအရ လာရကြောင်းမိန့်တော်မူလျှင် အလွန်ဝမ်းသာ၍ သာသနာပြုရန် နည်းလမ်းများကို လျှောက်ထားမေးမြန်း၏။

“မင်းကြီး ရဟန်းသံဃာများ၊ ဝိနည်းသိက္ခာနှင့် ညီညွတ်စေရန် မင်းတို့က စောင့်မကျင့်ကြံစေခြင်း၊ ပရိယတ်သင်ကြားစေခြင်း၊ သရီရဓာတ် တော်များကို စေတီတည်၍ ကိုးကွယ်ခြင်းတို့ဖြစ်သည်”ဟု မိန့်တော်မူ၏။ နောက်တစ်နေ့ဆွမ်းစားကြွ၍ ဆွမ်းကိစ္စအပြီးတွင် အပ္ပမာဒသတိတရားကို ဟောကြား၍ သရဏဂုံသီလ ချီးမြှင့်တော်မူ၏။ ရှင်ဒိဗ္ဗစက်သည် ရွှေစည်းခုံ စေတီတော်ပြီးသည့်တိုင် စောင့်တော်မူလျက် သာသနာပြုတော်မူ၏။ လူပေါင်း ငါးထောင်ခန့်ကို ရဟန်းပြုပေးပေသည်။ ရှိလင့်သော ရဟန်းများကိုလည်း မင်းအာဏာဖြင့် စိစစ်ရွေးထုတ်၍ သာသနာတော်ကို သန့်ရှင်းသုတ်သင်တော် မူ၏။

ရှင်ဒိဗ္ဗစက်ပင့်ဆောင်ခဲ့သော ဓာတ်တော်ရှစ်ဆူကို ၆၇၉ ခုနှစ်၌ ရွှေစည်းခုံစေတီတည်၍ ဌာပနာတော်မူ၏။ (သာသနာလင်္ကာရ၌၊ ခုနစ်ဆူဟု ပါရာနှစ်ဆူကို ပုညရှင်၌ ဌာပနာသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



၆၈၄ ခုနှစ်တွင် သားတော် ဥဇ္ဇနာနန်းတက်၍ ၇၀၂ ခုနှစ်တွင် စကားသားဖြင့်ဆောက်လုပ်သော ကျောင်းမနှင့်တကွ အရံ (၆) ကျောင်းကို အရှင်သုဓမ္မမဟာသာမိအား လှူဒါန်းပူဇော်၏။ ပထမသော် ထေရဝါဒရဟန်းကောင်းများ တရားအားထုတ်ကြပြီး ကာလအတန်ကြာသော် ဝတ္တကမြေ၊ လယ်ယာများ၌ ဘုန်းတော်ကြီးများပါဝင်၍ စီမံခန့်ခွဲခြင်းဖြင့် နောက်ကာလတွင် အလိဇ္ဇီမှုဒုဿီလ ပန်းတိုင်သို့ရောက်ကာ အရည်းကြီးများဖြစ်လာကြ၏။ ပိယသိဒ္ဒိလက်ဖွဲ့ပွဲ၊ ဓားရေးလှံရေး၊ အင်းအိုင်စသောပွဲကျောင်းဓလေ့များ ကြီးထွားလာကြ၏။ ရဟန်းကောင်းများ နေ၍မရသဖြင့် တုရဂီတောင်သို့လည်းကောင်း၊ စစ်ကိုင်းပရတ္တမ (ယခုရှိသော) ချောင်သို့လည်းကောင်း ထွက်ခွာသွားကြရ၏။ ပရိယတ္တိ၊ ပဋိပတ်အရာ၌ လွန်စွာကျော်ကြားသော ရှင်အရိယဝံသလည်း စကားကျောင်းမှထွက်ခွာ၍ စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးရလေ၏။

မထေရ်၏ ပဋိပတ်နှင့်စပ်သောအချက်ကား တစ်ရံရောကာလ ဘုရင်မင်းခေါင်သည် (အရိယဝံသချောင်) ကျောင်းသို့ တရားနာလာရာ တရားဟောပြောပြီးလျှင် အဝ၊ စစ်ကိုင်း၊ ယာဉ်ခွန်ပလုပ် ချမ်းသာပေးရန် အလှူခံတော်မူသည်။ မင်းကား မလှူ၊ အပြန်ဖောင်တော်ဖြင့်စုန်ခဲ့ရာ ရွှေကြက်ယက်အနီး တက်မကို မိချောင်းကိုက်ခဲထား၍မရွေ့နိုင်၊ ထိုအခါ သတိရသဖြင့် လက်အုပ်ချီ၍ "ယာဉ်ခွန်ကို အလှူခံတော်မူသည့်အတွက် လှူပါ၏"ဟု မှန်းကာလျှောက်မှ ဖောင်ထွက်နိုင်လေသည်။ တစ်ကြိမ်တွင်လည်း စီးတော်ဆင်မယဉ်သာသည် ကျောင်းတွင်းရှိ ဗောဓိပင်အခက်ကို ချိုးစားမိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၌ပင် လဲလေ၏။ ဆရာတော်သည် သစ္စာအဓိဋ္ဌာန်ပြုကာ မေတ္တာရေ သွန်းဖြန်းမှ ချမ်းသာစွာထနိုင်၏။ ဘုရင်မင်းခေါင်လည်း ဆင်မတစ်စီးဖိုး တန်အောင် အရိယဝံသချောင်မှ ဧရာဝတီမြစ်ဆိပ်ထိ ကျောက်ခင်း၍ လှူလေသည်။ ဤကား – ရဟန်းသံဃာများအား စာပေပို့ချခြင်း၊ ကျမ်းပြုခြင်း တာဝန်များကြားမှ ပွားများအားထုတ်တော်မူသော ဆရာတော်၏ သီလ၊ မေတ္တာ၊ သမာဓိ တန်ခိုးပေတည်း။

ဤသည်ကို ထောက်ရှုခြင်းဖြင့် ပင်းယခေတ်တွင်လည်း အရည်းကြီးများအစပိုင်းတွင် ကြီးစိုးခဲ့ပြီး နှောင်းကာလတွင် ဗုဒ္ဓ၏သားတော်ရဟန္တာအများ၏အားထုတ်မှုကြောင့် ပရိယတ်၊ ပဋိပတ်သာသနာတော်များ ထွန်းကားပြီး ရှေးမြန်မာတို့သည် တရားစစ်၊ တရားမှန်ကို ကိုးကွယ်သမှု ပြုနိုင်ခဲ့ကြကြောင်း တွေ့ရှိနိုင်ပါသည်။

## ၅။ အင်းဝခေတ်မြန်မာတို့၏ကိုးကွယ်မှု

အင်းဝခေတ် သာလွန်မင်းလက်ထက် (၉၉၀–၁၀၁၀) တွင် ဈာန် အဘိညာဉ်ရ ကိုရင် "သုမေဓာ"ဟူသော သာမဏေတစ်ပါး ပေါ်ပေါက်ခဲ့ဖူးသည်။ ဈာန်အဘိညာဉ်ရ၍ တန်ခိုးဖန်ဆင်းနိုင်သည်ဟု ကြားသဖြင့် သူ၏ဆရာ မဟိန်ကျောင်းဆရာတော်က သုမေဓာငယ်စဉ်က ကစားသော ခုံညင်းဒိုးကိုရှာ၍ နှစ်ရက်သွားရသောအရပ်၌ မြှုပ်ထားပြီးလျှင် သွားယူရန် စေခိုင်း၏။ ကိုရင်သုမေဓာလည်း ခဏချင်းပင် သွားရောက်ယူပေးနိုင်သည်ဟု သာသနာလင်္ကာရ၌ဆို၏။ သုမေဓာသာမဏေကျော်နှင့်စပ်၍ ယနေ့တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပခန်းကြီး၌ အထောက်အထားများ ရှိနေကြောင်း "ပခန်းကျော်"ရေး "ပခန်းကြီး အကြောင်းသိကောင်းစရာ" စာအုပ် (၁၄၀–၁) ၌ အောက်ပါအတိုင်း ဖတ်ရှု ရပါသည်။

> "ပခန်းကျောင်းတော်ကြီး၏ အရှေ့ဘက် စောင်းရန်း ကပ်လျက်ရှိသည့် ကျောင်းတိုက်မှာ ကျောက်ကာတိုက်ဖြစ် သည်။ ယခုတိုင် စည်ကားနေဆဲဖြစ်၍ စေတီဘုရား အဆောက်အအုံများဖြင့် တခမ်းတနား တွေ့မြင်နိုင် သေးသည်။ ဤနေရာသည် ယခင်က ပခန်းကြီးမြို့မ ဟိန်ကျောင်း ဆရာတော်၏ တပည့်ဖြစ်သော ပခန်းကြီး ဇာတိ ရဟန္တာကိုရင်လေး၏ သီတင်းသုံးတော်မူရာ ဌာန ဖြစ်သည်။ ကျောက်စာတွင် သာမဏေအဖြစ်ကပင် ဆဋ္ဌာဘိညာပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်တော် မူသည်"ဟူ၍ ဖော်ပြထားပါသည်။

ထို့ပြင် အင်းဝခေတ် သာလွန်မင်းကြီး လက်ထက်တွင် "တောင်ဖီလာဆရာတော်" သည် အလွန်ထင်ရှားခဲ့သည်။ ၁၅ နှစ်သားကပင် ဝေဿန္တရာပျို့ကိုရေး၏။ ဝိသတိဝဏ္ဏနာ၊ ယသဝဍ္ဎနဝတ္ထု၊ ဝိနယာလင်္ကာရ ဋီကာ၊ အဘိဓမ္မာညဝါအရကောက်ကျမ်းများ၊ ကောင်းမှုတော်ကြီး ကျောက်စာ၊ သာလွန်မင်းအမေး တော်ပုံအဖြေနှင့် တောင်ညွှန်းကျောက်ညွှန်းကျမ်းများ ပြုစုတော်မူခဲ့ရာ ယနေ့ထိ ထိုကျမ်းများမှာ ထင်ရှားလျက်ရှိသည်။ ထိုကျမ်းများ အပြင် ဓာတုဝိတ္ထာရ၊ သမ္ဗန္ဓ ဓာတ်ကျမ်း၊ မဟာနာရီဓာတ်ကျမ်း၊

www.burmeseclassic.com

www.burmeseclassic.com



ကွန်ချာခတ်ကျမ်း စသော ဆေးကျမ်းများကိုလည်း ဝိနည်းသိက္ခာ ဒေသနာတော် ဘောင်အတွင်းမှ လောကုတ္တရာစရိယာဖြည့် ကျင့်ခြင်းဖြင့် ရေးသားထားခဲ့သည်။ တောင်ဖီလာပိုဒ်စုံဩဝါဒရတု၊ ဆုံးမစာတို့လည်းရှိကြောင်း၊ ပိဋကတ်သမိုင်း များကပြဆိုကြ၏။ စလင်းမြို့အရှေ့ သာထွန်းဦး စေတီတည်ရာအရပ်၌ ဖွားမြင်ခဲ့သော်လည်း ရှမ်းအရေးအခင်းကြောင့် ပြည်မတစ်ဆင့် တောင်ငူသို့ ရောက်၍ ရှင်ဓမ္မရာဇာဂုရုထံ၌ ပညာသင်သည်။ ရှင်ဘွဲ့မှာ နန္ဒာဃောသ၊ ရဟန်းဘွဲ့မှာ အရှင်ဥပါလိဖြစ်ပြီး တိပိဋကာလင်္ကာရ ရာဇဂုရုတံဆိပ် တော်ရသူ ဖြစ်သည်။

တစ်ခါတွင် နှစ်ပေါင်းများစွာ ကွယ်ပျောက်နေသော "မန်းစက်တော်ရာနှစ်ဆူ"ကို ရှာဖွေရန် သာလွန်မင်းကြီးသည် အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ တိလောကာလင်္ကာရဆရာတော်တို့နှင့် အင်းဝနေပြည်တော်မှ မင်းဘူးသို့ကြွ၍ ရှာဖွေတော်မူကြ၏။

စက်တော်ရာအနီး မရှက်ရွာတွင် ခေတ္တနားနေတည်းခိုတော်မူကြရာ တစ်ညတွင် တောင်ဖီလာဆရာတော်၏ အိပ်မက်ထဲတွင် လူတစ်ယောက် ခွေးနက်ကြီး တစ်ကောင်နှင့်လာ၍ "စက်တော်ရာ (၈)ဆူ ရှိရာအရပ်ကို ခွေးနက်ကြီးဝင်ရာ တောသို့လိုက်လျှင် တွေ့ပါမည်"ဟု လျှောက်ထားကြောင်း မက်၏။ ဗာရာဏသီ ပြည်သာသနာညွှန်းနွမ်းချိန် ပီသကြံနုတ်သားက ခွေးနက်ယောင်ဆောင်၍ ညွှန်ပြသည်ကို ဆင်ခြင်တော်မူပြီး နောက်တစ်နေ့ နံနက် ဆက်ရှာဖွေရာ အိပ်မက်အတိုင်း ခွေးနက်ကြီးတစ်ကောင်သည် စက်တော်ရာရှိရာနေရာသို့ ရှေ့ကသွားပြီး ပျောက်ကွယ်သွား၏။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း မန်းချောင်း နဖူးအရောက် ဘီလူးတစ်ကောင် ကိုယ်ထင်ပြပြီး စက်တော်ရာနှစ်ဆူကို ညွှန်ပြလေ၏။ ထို့နောက် စက်တော်ရာကို ပုံသကူ သင်္ကန်းဖြင့်လွှမ်းအုပ်၍ "ငါသည် ဘုရားဖြစ်မည်ကေန်မှန်လျှင် ဤသင်္ကန်း၌ ၁၀၈ ကွက် စက်လက္ခဏာထင်စေသတည်း"ဟု အဓိဋ္ဌာန်၏။ သင်္ကန်းသည် ကြိုးကြာရပ်ကဲ့သို့ ကုန်းကွ၍ ထလာသည်ကို မြင်ရသဖြင့် ကြိုးလည်းကြိုးစား ကြာလည်းကြာဦးမည်ဟု နိမိတ်ဖတ်တော်မူ၏။ စက်တော်ရာနှစ်ဆူကို ချည်မျှင်ဖြင့် တိုင်းတာ၍ ယူဆောင်ခဲ့ပြီးလျှင် ဘုရင်မင်းမြတ်အား ကိုးကွယ်စေသည်။ (သာသနာလင်္ကာရစာအကျယ်ရှု။)

ဆရာတော်စက်တော်ရာမှအပြန် ရွှေဥမင်ဆရာတော်ထံတွင် ဝင်ရောက် တွေ့ဆုံပုံမှာ ရာဇဝင်တွင်ခဲ့လေသည်။ တွေ့ဆုံပုံနှင့်ပတ်သက်၍ အခန်း (၃)တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

အထက်ပါ အချက်အလက် အထောက်အထားများအရ အင်းဝခေတ်တွင် ဗုဒ္ဓသာသနာထွန်းကားပြီး ဗုဒ္ဓ၏တပည့်သား ရဟန္တာများ ပေါ်ထွန်း၍ ရှေးမြန်မာတို့သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများမှအစ ပြည်သူတစ်ရပ်လုံး မြတ်ဗုဒ္ဓ၏တရားတော်များနှင့် တပည့်သားသံဃာတော်တို့ကို ယုံကြည်မြတ်နိုး ကိုးကွယ်မှုပြုကြသည်ကို တွေ့မြင်နိုင်ပါသည်။

## ၆။ ကုန်းဘောင်ခေတ်မြန်မာတို့၏ကိုးကွယ်မှု

ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်ခဲ့သော ရဟန္တာစတုဂီရိတောင် လေးလုံးဆရာတော် (၁၀၈၈–၁၁၈၆) သည် အလောင်းမင်းတရားကြီး နန်းတက်စ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဝါလောက်ကပင် အမျိုးမျိုးသော ရှုဖွယ်ကျမ်းတို့ကို ရေးသားစီရင်၏။ (ရှုဖွယ်ကျမ်းပေါင်း သုံးဆယ်ကျော်စာရင်းရှိ၍ ယခုအခါ သုဓမ္မဝတီတိုက်က ရှစ်ကျမ်းလေးတွဲ ရိုက်ထားပြီးရှိသည်။)

ဆရာတော်၏ မူလဘွဲ့အမည်မှာ ဦးမေဓာဝီဖြစ်ပြီး ဘိုးတော်မင်းတရားလက်ထက်တွင် "မုနိန္ဒာဘိလင်္ကာရသဒ္ဓမ္မသာမိမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူခံရသော ဆရာတော်ဖြစ်ပါသည်။

ဆရာတော်ရေးသားစီရင်ခဲ့သော ရှုဖွယ်ကျမ်းများသည် ပိဋကတ်သုံးပုံမှ တူရာတူရာ လိုရင်းအနှစ်သာရများကို ရွေးနုတ်၍ လူတိုင်းနားလည်နိုင်သော မြန်မာစကားဝါကျများဖြင့် ပွင့်ပွင့်လင်းလင်း ရေးသားထားရာ ရှုဖွယ်မငြီးအောင် ဆွဲဆောင်လှပေသည်။ နှစ်ပေါင်းနှစ်ရာကျော်သော်လည်း ယေဘုယျအားဖြင့် လူများစုအား သတိသံဝေဂရစေ၍ ယောဂီတို့အား တွန်းအားပေးရာ၌ အထိမိဆုံး၊ အကောင်းဆုံးကျမ်းကြီးတစ်ဆူ ဖြစ်ပါသည်။ ၎င်းရှုဖွယ်ကျမ်းထဲမှ ဥပမာအချို့ကိုဖော်ပြရလျှင် –

"အနိစ္စ၊ဒုက္ခ၊အနတ္တဟု ဝစီဘေဒဖြစ်ကာမျှ (ရွတ်နေရုံမျှ)သည် မဟာပုည မဖြစ်တတ်ချေ။ အနိစ္စ စသည်ကို ထင်းထင်းမြင်လျှင် နေ့စဉ် ရွှေကျောင်းတစ်ရာ၊ ငွေကျောင်းတစ်ရာ၊ ရွှေစေတီကြီးပေါင်း ၈၄၀၀၀ တည်ရသည်ထက် မြတ်ကြောင်း" (ပ၊ ၆၄)။

"တစ်နေ့ကိုမျှ ဆင်းရဲခံရသောကြောင့် နေ့များစွာ ချမ်းသာရမည်မှန်လျှင်၊ တစ်နေ့အဖို့၌ဖြစ်သော ဆင်းရဲကို

www.burmeseclassic.com

www.burmeseclassic.com



မကြောက်သာပြီး၊ တစ်လမျှ၊ တစ်နှစ်မျှ၊ တစ်ဘဝတာမျှသာ ဆင်းရဲခံရသောကြောင့် လများစွာ၊ နှစ်များစွာ၊ ဘဝများစွာ ချမ်းသာရမည်မှန်လျှင် တစ်လ၊ တစ်နှစ်၊ တစ်ဘဝ၌ ဖြစ်သော ဆင်းရဲကို မကြောက်သာပြီ။ တစ်နေ့၊ တစ်လ၊ တစ်နှစ်၊ တစ်ဘဝ၌ဖြစ်သော တဏှာ၊ လောဘ၊ ရာဂကို အလိုမလိုက်သင့်၊ အရှည်ကိုမြော်၍ သူတော်ကောင်း တရား၌ ကိုယ့်အသက်ကိုစွန့်စား၍ နှစ်နှစ်ခြိုက်ခြိုက် ပျော်ပိုက် သင့်လှပေသည်။ (ပ၊ ၃၆၃။ ) စသည်ဖြင့် ရေးသားထားပါသည်။

ကုန်းဘောင်ခေတ်၌ ဒါန၊ သီလ၊ ဘာဝနာများတွင် မြတ်ဘုရား၏ တရားတော်ဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာကို ဦးစားပေး ကျင့်ကြံအားထုတ်ကြသည့် ရဟန္တာမြတ်များ များစွာပေါ်ထွန်းခဲ့ကြောင်း သိရှိရပါသည်။

သက္ကရာဇ် ၁၁၄၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက် နေ့တွင် ဘိုးတော်မင်းတရားကြီးသည် ရခိုင်သို့ သာသနာပြုလွှတ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ တံဆိပ်ရဆရာတော်ကြီး (၇)ပါးကို နန်းတော်သို့ပင့်ပြီးလျှောက် ရာ၌—

"မင်းကျင့်တရားနှင့် မညီဟုထင်သော အရာရှိလျှင် ဆုံးမတော်မူကြပါဘုရား၊ ကျင့်နိုင်သည်ကို ကျင့်ပါမည်၊ မကျင့်နိုင်သေးလျှင်လည်း ဤအရာဖြင့် မကျင့်နိုင်သေး ကြောင်း လျှောက်ပါမည်။ ဆရာတော်ဘုရားတို့

www.burmeseclassic.com

www.burmeseclassic.com



အမိန့်တော်ကို နာခံ၍ ကျင့်ဆောင်ရပါမှ ဆရာတော်ဘုရားတို့ကို ကိုးကွယ်ရကျိုး နပ်ပါမည်”ဟု ရွှင်ကြည်ဝမ်းမြောက်စွာ လျှောက်ထားလေ၏။

ဘိုးတော်၏လျှောက်ထားပုံမှာ လေးနက်သိမ်မွေ့လှပေ၏။ ပျူငှာယဉ်ကျေးလှပေစွ။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဆရာတော်က “ရာဇကြေးမုံရှုဖွယ်” အမည်ဖြင့် ရေးသားဆုံးမတော်မူသည်။ ဆရာတော်ရေးသားသည့်အကြောင်းအရာမှာ သာမန်မင်းကျင့်တရားမဟုတ်။ ခေါင်းဆောင်လုပ်သူတိုင်းသိထားသင့်သည့် အချက်များဖြစ်၏။ ခေါင်းဆောင်လုပ်သူသည် အရာရာတွင်တောင်လိုမြင့်မားမှ သူ့ကိုမှီရသည့် သစ်ပင်ငယ်သားတို့ မြင့်မားနိုင်ပုံမှအစလိမ်လည်မှု၊ အမျက်ထွက်မှု၊ ပေါ့ပျက်လျော့ရဲမှုသုံးမျိုးကို ကျော်လွှန်နိုင်ရန်အကျိုးအပြစ်နှင့်တစ်ကွ ရေးသားဆုံးမထားလေသည်။ “ရာဇကြေးမုံရှုဖွယ်”သည်အိမ်ထောင်ဦးစီးမှအစ ခေါင်းဆောင်တိုင်း ကြည့်မှန်အဖြစ် နေ့စဉ်ကြည့်ရှုအသုံးပြုရမည့် ခေါင်းဆောင်မှုလမ်းညွှန်ကျမ်းကြီးပင်ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် အမရပူရနေပြည်တော် မြောက်မင်းရွာတိုက် သုံးထပ်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါဒကာများ ကိုခေါ်၍ “ငါအသက်အရွယ်ကြီးပြီး သေခါနီးပြီး ခေါင်းနှစ်လုံးပြုလုပ်ပြီးလာလှည့်ကြ”ဟု မိန့်တော်မူ၏။ ဒကာများမှာလည်း မည်သို့မျှ မလျှောက်ရဲကြသဖြင့် ကျောင်းမှပြန်လာကာ အမြန်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင်သာစီစဉ်ပြုလုပ်ကြရသည်။ ခေါင်းနှစ်လုံးလုပ်ပြီးလျှင် ကျောင်းသို့ ယူဆောင်လာကြသည်။ ထို့နောက် တစ်လုံးကို သင့်တော်ရာ၌ နေရာချ၍ ကျန်တစ်လုံးကိုမူ

www.burmeseclassic.com

www.burmeseclassic.com



နမူနာအဖြစ် ဆရာတော်အနီးသို့ ယူချ၍ပြကြသည်။ ဆရာတော်ကား နေရာမှထ၍ "နင်တို့ခေါင်း ငါနှင့်တော်ရဲ့လား"ဟု ပြောဆိုကာ ခေါင်းထဲသို့ဝင်၍ အိပ်စမ်းကြည့်တော်မူရာမှ ပြန်၍ထတော်မမူ ဝိညာဉ်ချုပ်ငြိမ်း ဘ၀ဇာတ်သိမ်း တော်မူလေ၏။

ဒကာများလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မှင်တက်မိနေစဉ် အာဂန္တုက ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာသဖြင့် အားလုံး လှုပ်ရှားလာကာ ဘုန်းတော်ကြီးအား ဦးချကြသည်။ ဘုန်းတော်ကြီး မျက်နှာတွင် တစ်စုံတစ်ရာထူးခြားအံ့သြသည့် အမူအရာမတွေ့ရ။ ဆရာတော်၏ အလောင်းတော်အနီးသို့သွား၍ "အင်း ဒကာကြီးတို့ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူလေမှကိုး" ဟူ၍သာပြောလျက် မတ်တတ်ရပ်လျက်ကပင် မျက်စိကိုစုံမှတ်ပြီး သင်္ခါရတရားကိုနှလုံးသွင်းဆင်ခြင်၍ ငြိမ်သက်စွာ နေတော်မူလေသည်။ ဒကာများလည်း အလိုက်သိစွာ စကားတစ်စုံတစ်ရာ မလျှောက်သေးဘဲငြိမ်၍ လက်အုပ်ချီနေစဉ် ထိုဘုန်းတော်ကြီးသည် မျက်စိကို ဖွင့်၍ ကျောင်းတစ်နေရာသို့လှမ်းကြည့်ရင်း "သြော် -- ဟိုမှာလဲ ခေါင်း တစ်လုံးပါလား"ဟု ဆိုကာ အခြားခေါင်းဆီသို့ ကြွရောက်ကြည့်ရှု၏။ ခေါင်းထဲသို့ဝင်၍လဲလျောင်း ကြည့်တော်မူရာမှ ပြန်၍ထလာတော်မမူ၊ ဝိညာဉ်ချုပ်ငြိမ်း ဘ၀ဇာတ်သိမ်းတော်မူပြန်၏။ ဒကာများသည် အကျိုး အကြောင်းပင် လျှောက်ချိန်မရဘဲ ပို၍အံ့အားသင့်ကာ ခေါင်းနှစ်လုံး အလုပ် ခိုင်းသည်ကို ယခုမှပင်နားလည်သွားကြရ၏။ အာဂန္တုက ဘုန်းတော်ကြီးကား တောင်လေးလုံး ဆရာတော်ဘုရားကြီး၏ညီတော် ဦးဓမ္မပိယပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါဖြစ်ရပ်များကိုထောက်ရှု၍ ကုန်းဘောင်ခေတ်တွင်လည်း ဘုရား၏တပည့်သား သံဃာရဟန္တာအရှင်မြတ် ပေါ်ထွန်းပြီး မင်းနှင့်တကွ ပြည်သူ တစ်ရပ်လုံးသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြကြောင်း သိရှိနိုင်ပါသည်။

## (ခ) လွတ်လပ်ရေးရပြီးနောက် မြန်မာတို့၏ကိုးကွယ်မှု

ရှေးမြန်မာတို့သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတော်တို့အား ကိုးကွယ်သမှု ပြုခဲ့ကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် မြတ်ဘုရား၏ ဓမ္မတရားတော်များနှင့် တပည့်သံဃာတော်အရှင်မြတ်များကျန်ရှိခဲ့ရာ သံဃာတော် အရှင်မြတ်များသည် ဘုရားသားတော်များပီသစွာ တရားဓမ္မကို အားထုတ်ကြိုးပမ်း ကြ၍ မြန်မာတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံတော်မူကြပေသည်။

လွတ်လပ်ရေးရပြီးစကာလတွင် ထင်ရှားသော ဆရာတော်တစ်ပါး ကိုတင်ပြလိုပါသည်။ ယင်းဆရာတော်ကြီးမှာ မြန်မာနိုင်ငံပဋိပတ္တိ သာသနာတော် ကြီးကို ကျယ်လောင်စွာလှုံ့ဆော်၍ လူထုကိုပါ အပါခေါ်လျက် သော့ချက်ဖွင့် ပေးသော "မိုးညှင်းတောရ" ဆရာတော်ကြီးဖြစ်ပါသည်။

ဆရာတော်သည် ဟံသာဝတီခရိုင် သန်လျင်မြို့နယ် ဖားကူးရွာ အနီး ဂုံညှင်းစုရွာ၌ ဦးမိုး၊ ဒေါ်ဘော်တို့မှာ ၁၂၃၄ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်၊ သောကြာနေ့နံနက်ရစ်နာရီတွင် ဖွားတော်မူခဲ့သည်။ (၅) နှစ်သား အရွယ်တွင် မောင်းမရွာကျောင်းဘုန်းတော်ကြီး ဦးအာစရထံ ပညာသင်ယူခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



ငရဲခန်းပျို့ကိုဖတ်၍ ငရဲကျမည်ကိုကြောက်သဖြင့် ဘုန်းကြီးဝတ်မည်ဟု ဆုံးဖြတ်ခဲ့သူဖြစ်၏။ (၁၄)နှစ်တွင် သုမနဘွဲ့ဖြင့် ရှင်သာမဏေဝတ်သည်။ ၁၂၅၄– ခုနှစ်၊ ဝါဆို လဆန်း (၈) ရက်နေ့တွင် ရဟန်းဘောင်သို့တက်သည်။ နံနက်သုံးနာရီအမြဲ ထလေ့ရှိ၏။ ဓုတင်များကို ဆောက်တည်ခဲ့၏။ ကွမ်းစား၊ ဆေးသောက်မရှိ၊ ထကြွ လှုပ်လကြီး၏။ ပျင်းရိခြင်းကို အလွန်မုန်းသည်။ ဆရာတော်သည် မန္တလေး နေပြည်တော်တွင် နေလပမာထင်ရှားကြသော ကျည်ဝန်၊ မိုးထား၊ မင်းဒင်၊ မိုင်းခိုင်း၊ မဟာဝိသုဒ္ဓါရာမ၊ ရွှေရေးဆရာတော်တို့ထံ နည်းခံခဲ့၏။ စာသင်သား ဘဝတွင်အမြဲတမ်း နီဝါတထားကာ ပြောဆိုလေ့ရှိ၏။ မိမိလည်းစာသင်၏။ သံဃာငယ်များကိုလည်း မာတိကာ၊ ဓာတုကထာ၊ ယမိုက်နှင့်ပဋ္ဌာန်း (၄)ကျမ်းကို တစ်ပြိုင်တည်း ပို့ချခဲ့သည်။ ဦးသုမနသည် ပရိယတ္တိတတ်မြောက်ရန် စာသင် စာချရာမှ ဥပုသ်နေ့တိုင်း၊ မန္တလေး အနောက်ပြင် ရဟိုင်းသုသာန်သို့ကြွ၍ သုသာန်၊ ရုက္ခမူဓုတင်များ တည်ဆောက်လျက် ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘမရဏာဿတိ (စတုရာရက္ခ) ကမ္မဋ္ဌာန်းတို့ကို ပွားများရင်း အကျွတ်အလွတ် တောထွက်ရန် ဆန္ဒစောနေ၏။

ဤသို့ မန္တလေးတစ်ခွင်စာသင်ရင်း ပဋိပတ်လုပ်ပြီးနောက် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်၊ ဝိသုဒ္ဓိမဂ်၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ခဂ္ဂဝိသာဏ သုတ်ပါသော သုတ္တန်နိပါတ်အဋ္ဌကထာ စာအုပ်သုံးအုပ်သာ ယူဆောင်၍ ပလိဗောအအောလုံးဖြတ်ကာ မန္တလေးကျောက်ဆည်လမ်း မြစ်ငယ်အနီးရှိ "အဲဗျမက္ခရာရွာ" သို့ ထွက်ခဲ့၏။ ရွှေစည်းခုံဘုရားကြီးနောက် ထူထပ်သော တောချုံအကြား အားလပ်သောလေးတိုင်စင်တောရ ကျောင်းကလေး၌ သီတင်းသုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဆိုပြီး ကမ္မဋ္ဌာန်းလေးမျိုးတွင် မေတ္တာကမ္မဋ္ဌာန်းသည် မကြာမီရေ့တန်းသို့ရောက်လာ၏။ ညနေစောင်းလျှင် ကျောင်းမှထွက်ကာ ရွှေစည်းခုံစေတီပျက်ကြီးသို့သွား၍ စေတီယင်္ဂဏဝတ်ပြု၏။ ပြီးလျှင် ဘုရားအာရုံပြု၏။ ထိုအခိုက် ကျေးငှက်တိရစ္ဆာန်များက ဦးသုမနကို ဝန်းရံနေကြ၏။ ဝတ်ပြုပြီး ငှက်အချို့ကို လက်နှင့်ကိုင်၍ "ကဲ–ငါ့ဆွေတော်မျိုးတော်များ ချမ်းသာစွာပြန်ကြပေတော့"ဟု ပြောသောအခါ လူ့စကားကို နားလည်သကဲ့သို့ အားလုံးပျံတက်သွားကြလေ၏။ နေ့စဉ်ဆွမ်းခံကြွ၏။ စကားမပြော၊ ဥပုသ်နေ့တွင် ဥပုသ်သည် အနည်းငယ်လာကြရာ သီလပေးပြီးလျှင် "နေရာမရှိပြန်ကြတော့"ဟု မိန့်ဆိုပြန်လွှတ်သည်။ များမကြာမီ ဆွမ်းစားဇရပ်၊ ဥပုသ်ဇရပ်ဆောက်၍ လူလေးငါးဆယ် ဥပုသ်စောင့်လာကြရာ မိုးချုပ်မှပြန်ကြသဖြင့် အနှောင့်အယှက်ဖြစ်ရ၏။ တစ်နေ့တခြား ကျော်ကြားလာသဖြင့် အဲ့ဗျမက္ခရာတောရကျောင်းကလေးမှ မြစ်ငယ်၊ ပလိပ်၊ အင်းဝ၊ စစ်ကိုင်း၊ ရွာထောင် ထိုမှတစ်ဆင့် မုံရွာဘက်သို့ တိတ်တဆိတ်ခရီးဆက်ခဲ့သည်။ မုံရွာမရောက်မီ ခင်မွန်ရွာ မဟာဗောဓိတောရကျောင်း၌ ခင်မွန်ဆရာတော်ထံ ခြောက်လမျှနည်းခံပြီး ရေစကြိုမြို့သို့ ခရီးဆက်ခဲ့၏။ ရေစကြိုအနောက် ရဟန္တာဟုကျော်ကြားသော ဂူဖြူတောရဆရာတော်ကြီး ဦးသီလကပင် "ငါ့ထက်သာသည်"ဟုချီးကျူးရသော ဆရာတော်ကြီးဖြစ်ပေသည်။

ထို့နောက် ရေစကြိုမှ မုံရွာမြို့သို့ ဆန်တက်ကာ လယ်တီတောရကျောင်းသို့ကြွ၍ လယ်တီဆရာတော်ကိုဖူးမြင်၏။ လယ်တီဆရာတော်၏ ညွှန်ကြားချက်အရ မုံရွာမြို့မှ (၆)မိုင်အကွာ အောင်သာရွာနှင့် မြေနဲရွာကြား

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဟောင်းကြီးဖြစ်သော မြေနဲတောရသို့ သွားရောက်၍ တရားရှာသည်။ ထိုနေရာသည် ဘုရားငုတ်တိုများနှင့် ကျောင်းပျက်ကြီးတစ်ခုသာရှိ၍ ချုံထူထပ်ပြီး တစ္ဆေသူရဲခြောက်သည်ဆိုကာ နေ့အခါပင် မဝင်ဝံ့ကြ။ အမှန်လည်းခြောက်၍ ကျောင်းထိုင်လာသော ဘုန်းကြီးများထွက်ပြေးရ၏။ မပြေးသော်လည်း လပိုင်းနှင့် ပျံတော်မူသည်ကား များလှ၏။ မြွေကြီးများကလည်း သောင်းကျန်းလှ၏။

လယ်တီဆရာတော်စေလွှတ်သော ဘုန်းကြီးတစ်ပါးရ၍ ပတ်ဝန်းကျင်ရွာသားများ ဝမ်းသာကြပြီး ကျောင်းဝင်းဘုရား၊ သိမ်၊ ရေတွင်းဟောင်းများကိုလည်း ရှင်းလင်းတူးဖော်ပေးကြ၏။ ထိုနေရာကား သက္ကရာဇ် ၇၈၈ ခုနှစ်တွင်အင်းဝနေပြည်တော် မိုးညှင်းမင်းတရားကြီး၏ ကုသိုလ်တော်သံဃာ ၂၀၀ သီတင်းသုံးခဲ့ဖူးသည့် အဓိကရ သာသနာပြုဌာနကြီးဖြစ်ခဲ့၏။ ယင်းမင်းတရားကြီးအား ချီးမြှောက်ဂုဏ်ပြုသောအားဖြင့် မိုးနဲတောရမှ မိုးညှင်းတောရဟု ပြောင်းလဲခေါ်တွင်ခဲ့ပြီး ဆရာတော်ဦးသုမနလည်း "မိုးညှင်းကိုယ်တော်ကလေး" ဟု တွင်ခဲ့လေသည်။ ဆရာတော်၏ ကမ္မဋ္ဌာန်းအားထုတ်မှု၊ ဖွဲ့လုံ့လကြောင့် ဆရာတော်နှင့်ပတ်သက်ပြီး ထူးဆန်းအံ့သြဖွယ်ရာ များစွာဖြစ်ခဲ့သည်။

မိုးညှင်းဆရာတော်ဘုရားကြီး၏ အထူးခြားဆုံးမှာ မေတ္တာဝါဒပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ သတ္တဝါများအား ဉာဏ်ကွန်ရက်ဖြင့် လွှမ်းခြုံ၍ အမှန်တကယ်ချမ်းသာစေလိုသော စိတ်ထားဖြင့် "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"ဟု နေ့စဉ်မေတ္တာပွား၍ ဆုံးမတော်မူလေ့ရှိ၏။ ထင်ရှားသည်မှာ တစ်ချိန်က အီတလီနှင့်အဗက်ဆီးနီးယား (ယခုအီသီယိုပီးယား) နှစ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်စစ်ဖြစ်နေရာ တစ်ခုသောညဉ့်ဦးယံတွင် မြေပုံကြီးတစ်ချပ်ကို ရှေ့မှာ ဖြန့်ခင်း၍ နေ့ရောညပါ မေတ္တာပွားတော်မူ၏။ ဤသို့ မေတ္တာဓာတ်ရိုက် ကျင့်သုံး၍ (၅) ရက်အရတွင် စစ်ပြေငြိမ်းကြောင်း ကြေးနန်းသတင်းပါလေသည်။

ဆရာတော်သည် ၁၃၀၉ ခုနှစ်၊ ပြာသိုလ (၁၉-၁၂-၄၇) တွင် မျက်စိရောဂါကို ရန်ကုန်ဆေးရုံကြီး၌ ဒေါက်တာချန်တိတ်နှင့် ကုသခံတော်မူ၏။ ဆေးရုံတက်ခိုက် လွတ်လပ်ရေးကြေညာသောနေ့ထူးကြီး (၄-၁-၄၈) နှင့် တိုက်ဆိုင်သဖြင့် စားပွဲတစ်ခုတွင် ရုပ်ပွားတစ်ဆူ ပင့်ဆောင်စေ၍ နံနက်သုံးနာရီ မှထကာ ပန်းရေချမ်းဆီမီးများ ကပ်လှူသည်။ ဇယမင်္ဂလာဂါထာများကို ရွတ်ဖတ်၍ နတ်များကိုတိုင်တည်ကာ “လွတ်လပ်ရေးကြီး နှစ်ပေါင်းထောင်သောင်း မကတည်မြဲပါစေ”ဟု နှုတ်မှရွတ်ဆိုကာ ဆုမွန်မေတ္တာပတ္ထနာ ကျူးတော်မူ လေသည်။ ၁၃၁၆ ခု၊ တော်သလင်းလဆုတ် (၈)ရက်၊ သက်တော် (၉၃) နှစ် တွင်ဥတုကမ္မ ဇရပ်ချုပ်တော်မူရာ ချက်ချင်းပင်လျောင်လှူပ်၏။ ကျိန်းစက်ရာ ကျောင်းတော်ရာမှ သက်တန့် (ဥက္ကာ) ပျံ၏။ သံဝေဂဓိတကို ရွတ်ဆိုသည့်နှယ် ကျေးငှက်များအားလုံး မြည်တွန်ကြ၏။ ဆရာတော်၏ ရုပ်ကလာပ်ကို မဟာဗောဓိ အရိုးအိုးစေတီ၌ ထည့်သွင်းပူဇော်ကြ၏။ စုတိကမ္မဇရုပ် ချုပ်တော်မူသောနေ့တွင် ကျောင်းတွင်းရှိ ပန်းပင်များ အခါမဲ့ပွင့်ဖူး၍ စံကျောင်းတော်သို့ ဦးညွှန်လျက်ရှိနေကြသည်။ သို့သော် ဗောဓိပင်ကြီးများမှ ဆရာတော်ဘုရားကြီးနှင့် ဖွားဖက်သဖွယ် နေ့ချင်းပင် အရွက်များကြွေကျ၍ ခြောက်သွေ့သွားသည်ကို အားလုံးပင် တအံ့တသြ တွေ့မြင်ကြရလေ၏။ မိုးညှင်းဆရာတော်ဘုရားကြီးသည် ကျမ်းကြီးကျမ်းငယ် (၃၆)ကျမ်းကို ထားတော်မူခဲ့၍ သတ္တဝါတို့၏အကျိုးကို ဆောင်တော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်ခဲ့ပြီး မျက်မှောက်ခေတ် အချိန်အခါ ထင်ရှားကျော်ကြားသော ဗုဒ္ဓ၏သားတော် ဆရာတော်ဘုရားကြီး များလည်း ရှိပါသည်။ ၎င်းဆရာတော်ဘုရားများအနက် မင်းကွန်းတိပိဋကတ် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ တောင်ပုလုဆရာတော်၊ ရွှေဥဒေါင်းတောင် ဆရာတော်၊ မဟာစည် ဆရာတော်၊ ဝေဘူ ဆရာတော်၊ သာမည ဆရာတော်၊ တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရ၊ ရွှေဥမင် ဆရာတော်စသည့် ဆရာတော်ကြီးများသည် မြန်မာပြည်၏ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် ပြန့်ပွားစေပြီး မြန်မာတို့၏ ကိုးကွယ်အားထားရာ ဆရာတော်ကြီးများ ဖြစ်ကြပါသည်။

သဗ္ဗညုဘုရားရှင်၏ သာသနတော်ညှိုးနွမ်းစေမည့် ကိစ္စများဖြစ်ပေါ်လျှင် ယင်းတို့ကိုဖယ်ရှား၍ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် ဆောင်ရွက်ရန်မှာ သံဃာတော်အရှင်မြတ်တို့၏ အဓိကတာဝန်ကြီး တစ်ရပ်ဖြစ်သည်။ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းကြီးကို အကောင်အထည်ဖော်ရာတွင် တစ်ပြည်လုံးရှိ သံဃာတော်များ၏ဆန္ဒနှင့်အညီ ဖြစ်ရန်လိုအပ်ပါသည်။ ထို့ပြင် သင့်လျော်သော သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်များဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ၁၉၈၂ ခုနှစ် နယုန်လဆန်း (၁၂)ရက်မှ (၁၄) ရက်ထိ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရန် စီစဉ်ထားပါသည်။ ထိုအကြောင်းကို ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၊ ဝန်ကြီးက ရန်ကုန်တိုင်းရှိ သုဓမ္မာဂိုဏ်းဝင် သံဃာတော်များ၏ သံဃနာယက

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးများအား ရန်ကုန်မြို့ သာသနာရေး ဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ (၁၅-၁၂-၇၉) နေ့တွင် လျှောက်ထားခဲ့ပါသည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ထမြောက်အောင်မြင်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်မှုများပြုလုပ်ရန် သုဓမ္မဂိုဏ်းမှ (၅၈)ပါး၊ ရွှေကျင်ဂိုဏ်းမှ (၅)ပါး မဟာဒွါရဂိုဏ်းမှ (၂)ပါး၊ မူလဒွါရဂိုဏ်းမှ (၁) ပါးတို့ပါဝင်သည့် သံဃာ့ ဝန်ဆောင်ဆရာတော်ကြီးများ (၆၆)ပါး ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။

သံဃာ့ဝန်ဆောင်အဖွဲ့က သတ်မှတ်ချက်နှင့်အညီ ရွေးချယ်တင် မြှောက်လိုက်သော မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃာ့ကိုယ်စားလှယ်ပေါင်း (၁၂၈)ပါး တို့သည် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးသို့ တက်ရောက်ကြသည်။ ထို့နောက် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ ဇမ္ဗူဒီပကျောင်းဆောင် ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၊ ဥတ္တရကုရုကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင် များသို့ ၁၃၄၂ – ခုနှစ်၊ နယုန်လဆန်း (၉)ရက် (၂၂-၅-၁၉၈၀) ရက်နေ့မှ စတင်၍တဖွဲဖွဲ ရောက်ရှိလာကြပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးပွဲကြီး မကျင်းပမီ အကြိုနေ့ နယုန်လဆန်း (၁၀)ရက်၊ ညနေ၆ နာရီအချိန်တွင် နိုင်ငံတော်သမ္မတကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးသို့ တက်ရောက်ရန်၊ ရောက်ရှိတော်မူနေကြသော အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများနှင့် သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့ကို လာရောက်

www.burmeseclassic.com

www.burmeseclassic.com



ဖူးမြော်သည်။ ထို့နောက်သမ္မတကြီးက နီပေါဘုရင်မင်းမြတ်နှင့်မိဖုရားတို့ ဓမ္မပဏ္ဏာအဖြစ် လှူဒါန်းသောနာဂဝိဝရာ ပဋိမာရုပ်ပွားဆင်းတုတော်၊ ပဥ္စဓာတုဝါဟန တိဗက်စေတီတော်နှင့် ဓာတ်တော်ကြုတ်များကို ရဟန်းရှင်လူများ ဖူးမြော်နိုင်ခွင့်ရပါက ဓမ္မလက်ဆောင်ပေးသူနှင့် တပည့်တော်တို့ပါ အကျိုးရှိမည်ဖြစ်ကြောင်း လျှောက်ထားခဲ့ပါသည်။

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ သာသနာသမိုင်းတွင် မကြုံစဖူး သံဃာဂိုဏ်း (၉) ဂိုဏ်းတို့ ညီညွတ်စွာဖြင့် –

(က) ပြည်ထောင်စုဆိုရှယ်လစ်သမ္မမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းများ

(ခ) ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သံဃာအဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ

(ဂ) ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဂိုဏ်းပေါင်းစုံသံဃ အစည်းအဝေးကြီးတွင် တညီတညွတ်တည်း အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် –

(၁) ပရိယတ္တိစာမေးပွဲများ ပြုလုပ်ကျင်းပသွားရန်

(၂) မြတ်စွာဘုရား၏ရုပ်ပွားတော်နှင့် စေတီတော်ပုံတို့ကို ပြက္ခဒိန်၊ စာအုပ်၊ တိတ်ခွေများ၌ မျက်နှာဖုံးအဖြစ် အသုံးပြုခြင်းနှင့် ပိဋကတ်တော်များနှင့် မညီညွတ်သော ရတနာသုံးပါးနှင့် စပ်လျဉ်းသည့် ပုံတော်များကို ထုတ်ဝေခြင်းမှ တားမြစ်ပိတ်ပင်ပေးရန်၊

www.burmeseclassic.com

www.burmeseclassic.com



(၃) ရဟန်းတော်များ နေထိုင်ရာကျောင်း၊ ကျောင်းတိုက်အတွင်းမှ အမြဲနေလူပုဂ္ဂိုလ်များ ဖယ်ရှားပေးရန်၊

(၄) ရဟန်းတု ရဟန်းယောင်များ ဖယ်ရှားပေးရန် စသည့်ဆုံးဖြတ်ချက်ကြီး (၄) ရပ်ကို ချမှတ်ခဲ့ပါသည်။

၁၃၄၂ ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက် (၃၀- ၅- ၈၀) နေ့တွင်ကျင်းပသော နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၊ ပထမအကြိမ် ဒုတိယ အစည်းအဝေး၌ ဂိုဏ်းပေါင်းစုံသံဃာတော်များ ညီညွတ်မှုအောင်ပွဲကို အထိမ်းအမှတ်ပြုသောအားဖြင့် နာဂစိဝရာပဌပဋိမာ ရုပ်ပွားဆင်းတုတော်၊ ပဋ္ဌာနတုဝါဟနတိဗက် စေတီတော်နှင့်ဓာတ်တော် ကြုတ်များကို ဌာပနာ၍ ရဟန်းရှင်လူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် မဟာဝိဇယစေတီတော်မြတ်ကို တည်ထားသည်။ ထို့နောက် ထိုစေတီမြတ်၏ သမိုင်းအကျဉ်းကို ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် ကြည်ညိုသဒ္ဓါပွားစေရန်နှင့် သုတေသီများအတွက် သံသယမပွားဘဲ တိကျသော အထောက်အထားများရရှိစေရန် မျက်မြင်မှတ်တမ်းအဖြစ် ပြုစုတင်ပြထားပါသည်။

အထက်ပါအချက်အလက်များ၊ အထောက်အထားများအရ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် မြန်မာတို့သည် နိုင်ငံတော်အကြီးအကဲများ နှင့်တကွ ပြည်သူလူထုတစ်ရပ်လုံး ရှေးမြန်မာမင်းများနည်းတူ ဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲရန် သာသနာတော် သန့်ရှင်းရေးများ ပြုလုပ်ပြီး ဗုဒ္ဓ၏တရားတော်များကို ယုံယုံကြည်ကြည် ကိုးကွယ်ကြကြောင်း သိရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မျက်မှောက်ခေတ်တွင်ပင် နိုင်ငံတော်အစိုးရသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဒေသစာရီ ကြွချီတော်မူလာခဲ့သော ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူတကွ အပူဇော်ခံ ကိန်းဝပ် စံပယ်တော်မူလျက် ဗုဒ္ဓစွယ်တော်မြတ်တစ်ဆူကို ဓာတ်တော်မွေတော်များနှင့် အတူ ဌာပနာထည့်သွင်းလျက် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ဓမ္မပါလကုန်းတော်၌ သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားတစ်ရပ်ကို ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်(၄–၁–၉၆) ကြာသပတေးနေ့ နံနက် (၀၇၁၅) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက် အများပြည်သူ ကြည်ညို ကိုးကွယ်နိုင်ရန် ဝရဒါဌာဓာတုစေတီယ သတ္တသတ္တာဟ ပဋိမာနိဓာန စွယ်တော်မြတ်စေတီတော်ကို တည်ထားကိုးကွယ်မှု ပြုခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမက ကမ္ဘာတစ်ဝန်း လုံးရှိ ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်ကြည်ညို ကိုးကွယ်ကြသော ရွှေတိဂုံစေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ကိုလည်း စိန်ရွှေရတနာများစွာနှင့် တန်ဆာဆင်ကာ ၁၉၉၉–ခုနှစ်၊ ဧပြီလ (၄) ရက်၊ (၅) ရက်၊ (၆) ရက်နေ့များတွင် အသစ်တစ်ဖန် ပြန်လည်တင်လှူ ပူဇော်ကြ ပါသည်။ ဤနည်းဖြင့်နိုင်ငံတော် အစိုးရနှင့်တကွ မြန်မာလူမျိုးတို့သည် ပရိနိဗ္ဗာန် စံလွန်တော်မူသွားပြီးဖြစ်သော ဗုဒ္ဓကို ကြည်ညိုသဒ္ဓါပွားကာ ဗုဒ္ဓကိုယ်စား ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ စသည့်စေတီတော်မြတ်တို့ကို ကိုးကွယ်ကြခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဗုဒ္ဓဟောကြားခဲ့သော တရားဓမ္မများကို မပျောက်မပျက် ထိန်းသိမ်းထားနိုင်ရန်နှင့် တရားဓမ္မများပြန့်ပွားနိုင်ရန်အလို့ငှာ ထေရဝါဒဗုဒ္ဓ တက္ကသိုလ်၊ မဟာသန္တိသုခတက္ကသိုလ် စသည့် သာသနာပြုတက္ကသိုလ်များ ကိုလည်း တည်ဆောက်၍ သံဃာတော်များ၏ ပရိယတ္တိကို အားပေး ထောက်ပံ့ခဲ့ပါသည်။ နိုင်ငံတော်အစိုးရက သံဃာတော်များအား တိပိဋကဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ဓမ္မာစရိယဘွဲ့၊ အဂ္ဂမဟာ ဂန္ထဝါစကဘွဲ့ စသည့် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကာ ဂုဏ်ပြုချီးမြှောက် ပူဇော်ခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းကျောင်း၊ ဆရာ သက်ကြီး၏ ကမ္မဋ္ဌာန်းဌာန၊ တေဇစက္ကီကမ္မဋ္ဌာန်းကျောင်း စသည့် ပရိပတ္တိ၊ တရားဓမ္မကို ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းများလည်း မြန်မာနိုင်ငံတွင် ရှိကြပါသည်။ ဘုရားဟောကမ္မဋ္ဌာန်း (၄၀) ရှိပါသည်။ သို့ရာတွင် ယခုအခါ အများအားဖြင့် ကာယနုပဿနာ၊ စိတ္တနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာစသည့် အာနာပါနကမ္မဋ္ဌာန်းကိုသာ ကျင့်ကြံအားထုတ်ကြ သူများပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာတို့သည် ဓမ္မပူဇာ ကိုးကွယ်ရာကိုလည်း ဆည်းကပ်ကိုးကွယ်ကြသည်ကို သိရှိနိုင်ပါသည်။

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မြစ်ဝကျွန်းပေါ် အစရှိသည့် မြန်မာနိုင်ငံအရပ်ရပ်တွင် ထင်ရှားသော ဘုန်းတော်ကြီးကျောင်းများလည်း ရှိကြပါသည်။ ဘာသာယဉ်ကျေးမှုအရ ရှင်ပြု နားသမင်္ဂလာ၊ အိမ်တက် မင်္ဂလာများ ပြုလုပ်ရာတွင် ဘုန်းတော်ကြီးများကို ပင့်လျှောက်၍ တရားနာအမျှဝေ၊

www.burmeseclassic.com

www.burmeseclassic.com



သာဓုခေါ်ခြင်းများ ပြုလုပ်ကြရလေရာ သံဃာ့ပူဇာ၊ သံဃာတော်များကိုလည်း ကိုးကွယ်မှု ပြုကြပါသည်။

တစ်နှစ်တာကာလရှိ၊ လစဉ်ကျင်းပသော သာသနာ့ပွဲတော် အခမ်းအနားများတွင် တန်ခူးလ၌ နှစ်သစ်မင်္ဂလာအခါတော်နေ့၊ ကဆုန်လ၌ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့၊ နယုန်လ၌ နယုန်လပြည့်မဟာသမယ အခါတော်နေ့၊ ဝါဆိုလ၌ ဝါဆိုလပြည့်ဓမ္မစကြာ အခါတော်နေ့၊ ဝါခေါင်လ၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့၊ တော်သလင်းလ၌ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်လ၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့၊ တန်ဆောင်မုန်းလ၌ တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့၊ နတ်တော်လ၌ နတ်တော်လပြည့် ဓမ္မစာဆိုတော်များနေ့၊ ပြာသိုလ၌ ပြာသိုလပြည့်ရှင် တစ်ထောင်အခါတော်နေ့၊ တပို့တွဲလ၌ ဩဝါဒ ပါတိမောက်အခါတော်နေ့၊ တပေါင်းလ၌ တပေါင်းလပြည့် မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ စသည်ဖြင့် ရှိကြပါသည်။

ထို့သာသနာ့ပွဲတော် အခမ်းအနားများအနက် ကဆုန်လပြည့် ဗုဒ္ဓနေ့သည် သုံးလောကထွက်ထား သဗ္ဗညုမြတ်စွာဘုရားနှင့် စပ်လျဉ်း၍ ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ဟူ၍ ထူးခြားချက်လေးမျိုးနှင့် တိုက်ဆိုင်နေပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဘုရားဖြစ်သော နေ့ထူးနေ့မြတ်ကိုအာရုံပြု၍ ကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီတိုက်ရှိသော ဗောဓိပင်ကို ရေသွန်းလောင်း လေ့ရှိကြရာ ထိုနေ့သည် ဗုဒ္ဓပူဇာမြတ်ဘုရားကို ကိုးကွယ်သည့် အထိမ်းအမှတ်နေ့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကား– သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားက တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားကို ကျေးဇူးဆပ်သောအားဖြင့် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် အဘိဓမ္မာတရားတော်ကို ဟောကြားခဲ့သောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ဤနေ့သည် အဘိဓမ္မာတရားကို ဟောကြားပြီးနောက် မြတ်စွာဘုရား သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်လာရာ လူနတ်ဗြဟ္မာများက မီးရှူးတန်ဆောင် အလင်းရောင်များဖြင့် ပူဇော်သော ဗုဒ္ဓပူဇာဘုရားကို ကိုးကွယ်သောနေ့လည်း ဖြစ်ပါသည်။ ဤအချိန်ကိုပင် သီတင်းကျွတ်ချိန်ဟု ခေါ်ဆိုကြပါသည်။

ဝါဆိုလပြည့် ဓမ္မစကြာနေ့သည် ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားက မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ နေဝင် လထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့သောနေ့ဖြစ်ပါသည်။ ဓမ္မစကြာတရားတော်သည် သစ္စာ လေးပါးတရားကို ညွှန်းဆိုဟောကြားသော ဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်ပေရာ ယင်းနေ့သည် ဓမ္မပူဇာတရားတော်ကို ကိုးကွယ်ဆည်းကပ်ရာနေ့ ဖြစ်ပါသည်။

ထို့အတူ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့မှာ ဂေါတမ မြတ်စွာဘုရား နှစဉ်အခါက အိန္ဒိယနိုင်ငံ ကုရုတိုင်း၌ နေသူများသည် ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းကြသဖြင့် မိုးလေဝသမှန်ကန်ပြီး ကပ်ကြီး သုံးပါးမှ လွတ်မြောက်ကြပါသည်။ ကာလိင်္ဂတိုင်းပြည်တွင်မူ မိုးခေါင်ပြီး ကပ်ကြီးသုံးပါးဆိုက်ရောက်၍ လူနှင့်တိရစ္ဆာန်များ ဒုက္ခရောက်ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရန် အလှူပေး၍ ဘုရင်ကိုယ်တိုင် ဥပုသ်ဆောင်ဝင်၊ ဥပုသ်သီလ စောင့်သော်လည်း မိုးမရွာဘဲ ရှိနေ၏။ ထိုအခါ ၎င်းတို့ တိုင်းသူပြည်သား အားလုံးကျင့်သုံးသော ဂုရုဓမ္မကြောင့်သာဖြစ်သည်ဟု သဘောပေါက်၍ ထိုတရားကိုရွှေပြားပေါ်တွင် ကူးယူခဲ့ရန် ကိုယ်စားလှယ်ကြီးများကို စေလွှတ်၍ ကူးစေ၏။ ဂုရုဓမ္မခေါ် ငါးပါးသီလကို ဘုရင်မှစ၍ တိုင်းပြည်ရှိ ပြည်သူ ပြည်သားအားလုံး ကျင့်သုံးကြသောအခါတွင် မိုးများရွာသွန်းပြီး ကပ်သုံးပါးမှ လွတ်ကင်း၍ သာယာဝပြောသော နိုင်ငံဖြစ်လာရပေသည်။ သို့ဖြစ်၍ ထို တော်သလင်းလပြည့် ဂုရုဓမ္မအခါတော်နေ့သည် ဓမ္မပူဇာတရားတော်ကို ကိုးကွယ်ပူဇော်သောနေ့ ဖြစ်သည်ဟုဆိုက မမှားနိုင်ပေ။

တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့သည် မြတ်စွာဘုရားက အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလ သုတ္တန်တရားကို ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသောနေ့ဖြစ်ပါသည်။ သာမညဖလဆိုသည်မှာ ရဟန်းပြုခြင်း ၏အကျိုးဟု အဓိပ္ပာယ်ရပါသည်။ ရဟန်းပြုခြင်း၏အကျိုးကို ဟောကြားသော နေ့ဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို သံဃာ့ပူဇာ၊ သံဃာတော်များနေ့ဟု ခေါ်ဆိုနိုင်ပါသည်။ သာမညဖလသုတ်သည် ရဟန်းသံဃာတော်များအဖို့ ကြေးမုံမှန်ချပ်ကြီးသဖွယ်ဖြစ်၍ ကိုယ်ကျင့်သီလ ရှိသည်၊ မရှိသည်ကို ဤသုတ်ဖြင့် ထင်ဟပ်စေနိုင်ပါသည်။ သာမညဖလသုတ်သည် လူဒါယကာများ အဖို့ မိမိတို့ကိုးကွယ်နေသော ဆရာသမားများ၏ ကျင့်ကြံမှု ဟုတ်မဟုတ်၊ မှန်မမှန်ကို ဤသုတ္တန်ဖြင့် ချိန်ကိုက်ကြည့်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မိ၍ အပေါင်းမှားပြီး ဖခင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးကို သတ်မိသောကြောင့် ကံကြီးထိုက်ပြီး အိပ်မပျော်သောဝေဒနာ စွဲကပ်ခဲ့ပါသည်။ ယင်းဝေဒနာကို ကုစားရင်း သမားတော်ဇီဝက၏အကြံပေးချက်အရ မြတ်စွာဘုရားထံ သွားရောက်ပြီး လျှောက်ထားသောအခါမှ သူသိလိုသော ရဟန်းပြုခြင်းအကျိုး (သာမညဖလ)ကို သိရှိရပါသည်။ အဇာတသတ်မင်းသည် သာမညဖလသုတ် တရားတော်ကို ကြားနာရချိန်မှစ၍ ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည် လာပြီး ပုထုဇဉ်များထဲမှ ရတနာသုံးပါးကို အကြည်ညိုဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ ဤနည်းဖြင့် အပြစ်ကြီးလေးသော မဟာအဝီစိငရဲတွင် မကျတော့ဘဲ အပြစ်ဒဏ်ပေါ့သော လောတကုမ္ဘီငရဲ၌သာ ကျရောက်ပြီး နောင်သောအခါ “ပိဇိတာဝိ”မည်သော ပစ္စေကဗုဒ္ဓါဖြစ်၍ ကျွတ်တမ်း ဝင်သွားခဲ့ပါသည်။

ဤသို့ လစဉ်ကျင်းပသော သာသနာ့ပွဲတော် အခမ်းအနားများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရတနာသုံးပါးကို ပူဇော် ကိုးကွယ်ဆည်းကပ်ကြကြောင်း မျက်မှောက်ခေတ်တွင်ပင် အစဉ်အမြဲ ကျင်းပ ကိုးကွယ်ကြသည်ကို သိရှိနိုင်ပါသည်။

ထို့ပြင် မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် နောင်လာနောက်သားများ ကိုးကွယ်နိုင်ရန်အလို့ငှာ မဟာသက္ကရာဇ် (၁၄၈) ခုနှစ်တွင် ရာဇဂြိုလ်ပြည်၌ သံဃာတော်များ နှုတ်ငုံအာဂုံဆောင်၍ ပဌမသင်္ဂါယနာ တင်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ သာသနာ သက္ကရာဇ်(၁၀၀) ခုနှစ်တွင် ဝေသာပြည်၌ ဒုတိယ သင်္ဂါယနာကိုလည်းကောင်း၊ သာသနာသက္ကရာဇ် (၂၁၅) ခုနှစ်တွင် ပါဋလိပုတ်ပြည်တွင် တတိယ သင်္ဂါယနာကိုလည်းကောင်း နှုတ်ငုံဆောင်၍ တင်ခဲ့ကြပါသည်။

သာသနာသက္ကရာဇ် (၄၅၄) ခုနှစ်တွင်မှု စတုတ္ထသင်္ဂါယနာကို သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာ တင်ခဲ့ပါသည်။ သာသနာသက္ကရာဇ် (၂၄၁၅) ခုနှစ်တွင် ပဉ္စမသင်္ဂါယနာကို မင်းတုန်းမင်းကြီးလက်ထက် ကျွန်ုပ်တို့မြန်မာပြည်၌ တင်ခဲ့ကြပါသည်။ ထို့နောက် မန္တလေးတောင်ခြေတွင် စကျင်ကျောက်ပြားနှင့် ထုလုပ်ကိုးကွယ်ထားသော (၇၂၉)ချပ်ရှိ ပိဋကတ်သုံးပုံကျောက်စာကို ကျောက်ထက် အက္ခရာတင်ထား ကိုးကွယ်ခဲ့ပါသည်။ ယင်းကျောက်စာကို ယနေ့တိုင် တွေ့ရှိနိုင်ပါသည်။

သာသနာသက္ကရာဇ် (၂၄၉၈) ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံတော်တွင်ပင် ရန်ကုန်မြို့ရှိ သာသနပါလကမ္ဘာအေး ကုန်းတော်တွင် ကျင်းပပြီး စက်တင်ပုံနှိပ်၍ အက္ခရာတင်ထားသည်ကို ယနေ့တိုင်ဖတ်ရှုနိုင်ပါသည်။

သံဃာဂိုဏ်း (၉)ဂိုဏ်း စုပေါင်းညီညွတ်စွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို သံဃာအဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းလျက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဦးဆောင်ပြီး သံဃာတကာ ညီညွတ်စွာဖြင့် သာသနာသန့်ရှင်းရေး၊ တည်တံ့ခိုင်မြဲရေး၊ ပြန့်ပွားရေးကို နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

## ကိုယ်ကျင့်တရား၏အနက်အဓိပ္ပာယ်

ကိုယ်ကျင့်တရားဟူသည် လူတို့လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများဟူ၍ အဓိပ္ပာယ်ရရှိပါသည်။ တောတောင်ထဲတွင် တစ်ကိုယ်တည်းအထီးကျန်နေထိုင်သူအဖို့ ကိုယ်ကျင့်တရား ပြဿနာပေါ်ပေါက်မည် မဟုတ်ဟု ယူဆနိုင်ပါသည်။ ထိုသူမျိုး၏ နေ့စဉ်ရွေးချယ်ပြုလုပ်မှုများသည် အခြားမည်သည့် သတ္တဝါကိုမျှ ကောင်းကျိုး၊ ဆိုးကျိုး မပြုနိုင်။ ထို့ကြောင့် ၎င်း၏အပြုအမူများကို မှန်/မှား ကောင်းဆိုးဆုံးဖြတ်ချက် ချမှတ်ရသည့် ပြဿနာရှိမည် မဟုတ်ချေ။

သို့ရာတွင် လူသားသည် မိမိအသက်ရှင်သန်ရန်အတွက် မိမိ၏ ပတ်ဝန်းကျင်နှင့် လူသားအချင်းချင်း အမှီသဟဲပြုနေရလေရာ လူလူချင်းဆက်ဆံမှု (သို့) လူမှုဆက်ဆံရေး အမျိုးမျိုးကို နေ့စဉ်ကြုံတွေ့ရလေသည်။ လူသည် အခြားလူသားများနှင့် စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ တစ်ဖုံတစ်နည်း ဆက်ဆံရသည်။ ထိုအခါ သူ့အကျိုး ကိုယ့်အကျိုး နစ်နာပျက်စီးမှု၊ ကောင်းကျိုး ပြုမှုစသည်တို့ကိုကြည့်ပြီး ထိုသူ၏ အပြုအမူများကို မှား/မှန်၊ ကောင်းဆိုး ဆုံးဖြတ်လာကြရသည်။ ထို့ကြောင့် ကိုယ်ကျင့်တရား

www.burmeseclassic.com

www.burmeseclassic.com



များသည် လူမှုဆက်ဆံရေးဘဝမှသာ ပေါက်ဖွားလာနိုင်ကြောင်း ထင်ရှားပေသည်။

ကမ္ဘာပေါ်ရှိ လူမျိုးတို့သည် မိမိတို့၏ကျင့်ဝတ်သိက္ခာများကို အနည်းနှင့်အများ ထိန်းသိမ်းစောင့်ရှောက်ကြပေမည်။

မြန်မာလူမျိုးတို့အနေဖြင့် မိမိတို့၏ကျင့်ဝတ်သိက္ခာ (ကိုယ်ကျင့်တရား) ကို အလွန်အလေးထားတတ်ကြသည်။ မိရိုးဖလာသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာကျင့်ကြံတတ်ကြသည်ကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

## (က) ရှေးမြန်မာတို့၏ ကိုယ်ကျင့်တရား အပြုအမူများ

"လူတစ်ဦး၌ မြတ်နိုးဖွယ်အကောင်းဆုံးသော အရည်အသွေးမှာ အကျင့်စရိုက်ကောင်း ရှိခြင်းဖြစ်၍ စက်ဆုပ်ဖွယ်အကောင်းဆုံး အရည်အသွေးမှာ အကျင့်စရိုက်ဆိုး ရှိခြင်းပင်ဖြစ်သည်"ဟု ဆိုတတ်ကြ၏။ အကျင့်စရိုက်ဟူသည် မှာယခုမျက်မှောက်ဘဝ၌ များစွာဖြစ်လေ့ရှိသောသဘော (ဝါ) ကိုယ်၊ နှုတ်၊ စိတ်တို့၌ သက်ဆိုင်ရာအပြုအမူ တစ်စုံတစ်ရာသည် အခါများစွာဖြစ်နေသော သဘောကို ဆိုလိုခြင်းဖြစ်သည်"ဟု အဓိပ္ပာယ်သတ်မှတ်ကြ၏။

အကျင့်စရိုက်ကောင်းများကို ပျိုးထောင်ရယူထားမှုကြောင့် သက်ဆိုင်ရာလူမှုကိစ္စများ၊ သက်မွေးဝမ်းကျောင်းမှုနှင့် ပတ်သက်သည့်အလုပ်များ စည်းကမ်းလိုက်နာမှုများ၌ ချောမွေ့သက်သာစွာ ပြုမူဆောင်ရွက်နိုင်သော အကျိုးဆက်များ ရရှိနိုင်ပေသည်။ စောင့်ထိန်းမှု အကျင့်သီလအတွင်း

www.burmeseclassic.com

www.burmeseclassic.com



အကျုံးဝင်ကြသည့် အကျင့်စရိုက် (ဝါ) အကျင့်စာရိတ္တများကို ပျိုးထောင်ရယူခဲ့ခြင်းကြောင့် ကိုယ်ကျင့်တရား ဆိုင်ရာ အပြုအမူကောင်းတို့ကို ပြုမူနိုင်သည့် အကျိုးဆက်များ ရရှိနိုင်ပေသည်။

သို့ဖြစ်၍ အကျင့်စရိုက်ကောင်းများ၊ ကောင်းသော ကိုယ်ကျင့်တရားများရှိစေခြင်းငှာ "ရှေးမြန်မာ" တို့သည် မိမိတို့၏ သားသမီးများကို "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယမိနှင့်ဘ" ဟူသော ဆောင်ပုဒ်အရ မိမိတို့ကိုယ်ကို စံနမူနာထား၍လည်းကောင်း၊ ဗုဒ္ဓ၏အဆုံးအမကို အထောက်အထား အကိုးအကား ပြု၍လည်းကောင်း ဆုံးမပဲ့ပြင်တတ်ကြ၏။

မြတ်ဗုဒ္ဓဟောကြားခဲ့သော "မင်္ဂလသုတ်" တရားတော်တွင် လူမိုက်ကိုမပေါင်းသင့်ကြောင်း၊ ပညာရှိသူတော်ကောင်းကို ဆည်းပူးသင့်ကြောင်း၊ ပူဇော်ရိုသေထိုက်သူကို ပူဇော်အပ်ရိုသေအပ်ကြောင်း စသည်ဖြင့်မည်သို့ ပြုမူကျင့်ကြံအပ်သည်ကို ညွှန်ပြခဲ့ပေသည်။

ထို့ပြင် မြတ်စွာဘုရားသည် ကောသလမင်းကြီးအား အကျင့်သီလနှင့်ပတ်သက်၍ ဟောကြားခဲ့သည်မှာ "တကာတော်မင်းကြီး ကိုယ်ဖြင့်မကောင်းမှုကို ပြုသောသူ၊ နှုတ်ဖြင့်မကောင်းမှုကို ပြုသောသူ၊ စိတ်ဖြင့်မကောင်းမှုကို ပြုသောသူတို့သည် မိမိကိုယ်မိမိစောင့်ရှောက်သူများ မဟုတ်ချေ။ ထိုသူတို့သည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ကြီးများဖြင့် စောင့်ရှောက်စေကာမူ ပြင်ပအစောင့်အရှောက်များသာဖြစ်၍ အတွင်းအစောင့်အရှောက်များ မဟုတ်သောကြောင့် မိမိကိုယ်မိမိစောင့်ရှောက်သူမဟုတ်ဟု ဆိုရချေမည်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့်ကောင်းသော အမှုကိုပြုသောသူ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်ဖြင့် မစောင့်ရှောက်သော်လည်း ကံသုံးပါးလုံခြုံအောင် စောင့်ရှောက်မှုသည် အတွင်းအစောင့်အရှောက်များ ဖြစ်၍ မိမိကိုယ်မိမိ စောင့်ရှောက်သူများဖြစ်၏ဟုဆိုအပ်၏။

ထို့ပြင် သူ့အသက်သတ်ခြင်း၊ သူ့ပစ္စည်း ခိုးယူခြင်း၊ သူ့အိမ်ရာကို ပြစ်မှားခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ ကုန်းချောခြင်း၊ ကြမ်းတမ်းသောစကားပြောခြင်း၊ အကျိုးမရှိသိမ်ဖျင်းသောစကားပြောဆိုခြင်း၊ မနာလိုဝန်တိုအဘိဈ္ဈာပွားခြင်း၊ သူတစ်ပါးပျက်စီးမှုကြံစည်သော ဗျာပါဒရှိခြင်း၊ မှားသောအယူမိစ္ဆာဒိဋ္ဌိ စသည့်ရှောင်ကြဉ်အပ်သော ဒုစရိုက် (၁၀)ပါးနှင့် လှူဒါန်းခြင်း (ဒါန)၊ စောင့်ထိန်းခြင်း (သီလ)၊ ကမ္မဋ္ဌာန်း စီးဖျန်းခြင်း (ဘာဝနာ)၊ ရတနာသုံးပါး မိဘဆရာသမားအား ရိုသေခြင်း (အပစာယန)၊ ရတနာသုံးပါး မိဘဆရာသမားအား ပြုစုစောင့်ရှောက်ခြင်း (ဝေယျာဝစ္စ) မိမိပြုသောကုသိုလ်အဖို့ကို သူတစ်ပါးအားအမျှ ပေးဝေခြင်း (ပတ္တိဒါန)၊ သူတစ်ပါးပြုသောကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း (ပတ္တာနုမောဒနာ) တရားတော်ကို ကောင်းစွာနာယူခြင်း (ဓမ္မသာဝန) သူတစ်ပါးတို့အား မိမိတတ်သိသမျှတရားဟောပြောခြင်း (ဓမ္မဒေသနာ) ဖြောင့်မတ်သောအယူကိုယူခြင်း (ဒိဋ္ဌိဇုကမ္မ)စသည့် ပုညကြိယာ (၁၀)ပါး ဖြစ်သည့်လူတို့သိအပ်၊ ရှောင်အပ်၊ ကျင့်ကြံလိုက်နာအပ်သော ကိုယ်ကျင့်တရား ကျင့်ဝတ်များကို ဟောကြားခဲ့ရာ ရှေးမြန်မာများဖြစ်သော ကျွန်ုပ်တို့၏ ဘိုးဘွား မိဘများသည် ဘုရားဟောတရားတော်နှင့်အညီ ကိုယ်ကျင့်တရား များကို ကျင့်ကြံလိုက်နာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိမိတို့၏ သားစဉ်မြေးဆက်ထိ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန် အကုသိုလ်များရှောင်ရှားရန် သွန်သင်ညွှန်ကြားခဲ့ကြ၏။ ဥပမာ အားဖြင့်မိမိတို့၏ ကလေးငယ်များသည်၊ ဆဲရေးပြောဆိုလျှင် "ကြမ်းတမ်းတဲ့ စကားမပြောရဘူး၊ ငရဲကြီးတတ်တယ်၊ သူများကဲ့ရဲ့မယ်၊ ယဉ်ယဉ်ကျေးကျေး ပြောရတယ်" ဟူ၍လည်းကောင်း၊ သူများပစ္စည်းကို မိမိသားသမီးများ ယူမည်ကိုမြင်လျှင်၊ "သူများပစ္စည်းကို မပေးဘဲမယူရဘူး၊ မပေးဘဲယူရင် သူခိုးလို့အပြောခံရမယ် ရှက်စရာကြီး၊ ငရဲလဲကြီးတတ်တယ်" စသည်ဖြင့် ဆုံးမပဲ့ပြင်ကြပါသည်။

တစ်ဖန် "ကိုယ်ချင်းစာနာသည့်" အကျင့်တရားနှင့် ပတ်သက်၍ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းများနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရင်း ဝေဠုဒွါရဗြာဟ္မဏရွာသို့ ဆိုက်ရောက်၏ ဝေဠုဒွါရရွာသားတို့သည် မြတ်စွာဘုရားဆိုက်ရောက်တော်မူကြောင်း သိသောအခါ မြတ်စွာဘုရားအနီးထိ ဆည်းကပ်လာပြီး "အရှင်ဘုရား တပည့်တော်တို့သည် သားသမီးများ စုံစုံညီညီနှင့် နေလိုကြပါသည်။ ကာသိတိုင်းဖြစ်စန္ဒကူးနံ့သာများကို သုံးလိုကြပါသည်။ ပန်းနံ့သာ၊ နံ့သာပျောင်း တို့ကိုပန်ဆင် လိမ်းခြယ်လိုကြပါသည်။ ရွှေငွေများကို သုံးစွဲလိုကြပါသည်။ ဤဘဝမှစုတိမနေ သေလွန်သောအခါ၌လည်း နတ်ရွာသုဂတိသို့ ရောက်လို ကြပါသည်။ ဤအချက်များကို ရနိုင်မည့်တရားတော်ကို ဟောကြားတော် မူပါဘုရား" ဟုလျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားက "ဒါယကာ"တို့၊ သင်တို့ကို "ကိုယ်ချင်းစာတရား" ဟောကြားမည် ကောင်းစွာနှလုံးသွင်းကြဟု မိန့်တော်မူ၏။ ဒါယကာတို့ ဤလောက၌ မြတ်သောတပည့်သာဝကသည် ဤသို့စဉ်းစား၏။ ငါသည်အသက် ရှင်ချင်သည်၊ ချမ်းသာစွာနေလိုသည် တစ်စုံတစ်ယောက်သောသူသည် ဤသို့ အသက်ရှင်နေချင်သော ချမ်းသာစွာနေချင်သော ငါ့ကိုသတ်မည်ဆိုလျှင် ယင်းသို့သတ်ခြင်းကို ငါမကြိုက်ပေ။ ငါကလည်း အသက်ရှင်နေချင်သော၊ ချမ်းသာစွာနေချင်သော သူတစ်ပါးကိုသတ်မည်ဆိုလျှင် ယင်းသို့သတ်ခြင်းကို သူတစ်ပါးလည်း ကြိုက်မည်မဟုတ်ပေ။ ငါသည် ကိုယ်မကြိုက်သောအမှုကို အဘယ့်ကြောင့် သူတစ်ပါးအပေါ် ပြုလုပ်သင့်ပါမည်နည်းဟု စဉ်းစားဆင်ခြင်ကာ မိမိလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတစ်ပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန် ဆောက်တည်စေ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၏ ဂုဏ်ကျေးဇူးကိုပြောကြား၏။ ဤသို့အားဖြင့် ထိုသူ၏ ကိုယ်ကျင့်တရားကောင်းခြင်းသည်အစွန်းသုံးပါးမှ စင်ကြယ်၏။

ထို့အတူ သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်စော်ကားခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်းဖြင့် သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင်လုပ်ခြင်း၊ ကုန်းတိုက်သောစကားဖြင့် အဆွေခင်ပွန်းတို့နှင့် ကွဲအောင်လုပ်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသောစကားဖြင့် ပြောဆိုဆဲရေးခြင်း၊ အဆန်မပါသောစကားတို့ဖြင့် ပြောဆိုခြင်းကို မိမိအားပြုလုပ်မည်ဆိုပါက မိမိ

www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်သကဲ့သို့ မိမိမနှစ်သက်သည့် အပြုအမူမျိုးကို သူတပါးအား အဘယ်ကြောင့် ပြုလုပ်သင့်ပါမည်နည်းဟု စဉ်းစားကာ ယင်းအပြုအမူများ မှရှောင်ကြဉ်ခြင်းဖြင့် ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။ ထိုမြတ်သော တပည့်သာဝကသည် ဘုရား၊ တရား၊ သံဃာတော် ၌လည်း ဂုဏ်တော်ကိုတွေး၍ မတုန်မလှုပ် သက်ဝင်ကြည်ညို၏။ အရိယာတို့၏ နှစ်သက်အပ်သည့် သီလကိုလည်း မကျိုးမပေါက်အောင်ဖြည့်ကျင့်၏။ ယင်းသို့ ပြည့်စုံသောကြောင့် ထိုသူသည် အကယ်၍ပြောလိုလျှင် မိမိကိုယ်မိမိ "ငါသည် ငရဲကျရောက်မှုမှ လွတ်ငြိမ်းပြီး တိရစ္ဆာန်မျိုး၌ဖြစ်ခြင်းမှ လွတ်ငြိမ်းပြီ၊ ပြိတ္တာ မျိုး၌ ဖြစ်ခြင်းမှ လွတ်ငြိမ်းပြီ၊ ငါသည်သောတာပန်ဖြစ်ပြီ ဒုဂ္ဂတိဘဝသို့ ကျခွင့်မရှိတော့ပြီ၊ သုဂတိဘုံဘဝသို့သာလားရန် စိတ်ချရပြီ၊ အထက်မဂ်သုံးပါး သို့ရောက်ရန် သေချာပြီဟု ပြောနိုင်လေပြီ"ဟု ဟောကြား၏။

မြတ်စွာဘုရား၏ တရားတော်နှင့်အညီ ရှေးမြန်မာတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာ၌ "ကိုယ်ချင်းစာတရား" လက်ကိုင် ထားကာပြုမူကျင့်ကြံ နေထိုင်ကြပါသည်။

ထိုမှတစ်ပါး သုံးလောကထွတ်ထား မြတ်စွာဘုရားသည် လူတိုင်း လိုက်နာကျင့်ကြံရမည့် "ကိုယ်ကျင့်တရား" အကျင့်သီလများကို –

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | – | မှန်ကန်သောအမြင် |
| သမ္မာသင်္ကပ္ပ | – | မှန်ကန်သောအကြံ |
| သမ္မာဝါစာ | – | မှန်ကန်သောအပြော |
| သမ္မာကမ္မန္တ | – | မှန်ကန်သောအလုပ် |

www.burmeseclassic.com

www.burmeseclassic.com



သမ္မာအာဇီဝ – မှန်ကန်သောအသက်မွေးမှု

သမ္မာဝါယမ – မှန်ကန်သောအားထုတ်မှု

သမ္မာသတိ – မှန်ကန်သောသတိ

သမ္မာသမာဓိ – မှန်ကန်သောတည်ငြိမ်မှု

စသည့် မဇ္ဈိမပဋိပဒါကျကျင့်ကြံနေထိုင်ရမည့် မဂ္ဂင်ရှစ်ပါးကိုလည်း ညွှန်ပြထားပေသည်။ "မဂ္ဂင်ရှစ်ပါး"နှင့် ပတ်သက်၍ အကျဉ်းချုံးတင်ပြရလျှင် "ဘုရားရှင်လက်ထက်တော်တွင် မာဂဏ္ဍီပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံသွား၍ "ရှင်ကြီးဂေါတမ ကျွန်ုပ်သည် စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသည်၊ လူလည်း ကျန်းမာသော ကိုယ်ခန္ဓာရှိသည် သို့ဖြစ်၍ စားချင်တာစား၍ရသည်၊ လိုချင်တာရနိုင်သည်၊ လောကစည်းစိမ် ကာမဂုဏ်အာရုံများ ခံစားနိုင်သည် ဖြစ်၍ လောကနိဗ္ဗာန်ရသည်မဟုတ်လော"ဟု မိမိဗိုက်ကြီးကိုပုတ်၍ ပြောလေသည်။ ထိုမာဂဏ္ဍီပုဏ္ဏားကြီး၏ အယူအဆအကြံသည် မမှန်ကန်သော မိစ္ဆာသင်္ကပ္ပဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်း ဟူသော မတည်မြဲမှုကို မြဲသည်ဟု မိစ္ဆာဒိဋ္ဌိမှားယွင်းသော အမြင်ဖြင့်ပြောဆိုကာ ချမ်းသာကြွယ်ဝအောင်သာ မည်သည့်မတရားမှုမဆို လုပ်ကိုင်တော့မည်ဖြစ်ရာ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယမကို ကျူးလွန်မိတော့မည်၊ မှန်ကန်သောသတိမရှိ၍ စုတိမနေ သေလွန်သော် မည်သည့်ကုသိုလ်ကောင်းမှုမျှ မပြုလုပ်မိ၊ သဒ္ဓါသမာဓိဟူသော မှန်ကန်သည့်တည်ငြိမ်မှုကို မရရှိနိုင်တော့ကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကတွင် မည်သည့်အရာမျှ တည်မြဲမှုမရှိကြောင်း၊ မှန်ကန်သောအမြင်ရှိပါက လောဘ၊ ဒေါသ၊ မောဟကင်းသော စိတ်အကြံ၊ အပြောအဆိုရှိ၍ လိမ်ညာကောက်ကျစ်သော အလုပ်ကိုရှောင်ရှားပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်းမှု ပြုမိပေမည်။ မကောင်းမှုမှရှောင်ရှားပြီး ကုသိုလ်ကောင်းမှုကို အားထုတ်မိရန် သတိတရား လက်ကိုင်ထားခြင်းဖြင့် တည်ငြိမ်မှု သမာဓိကို ရနိုင်ပေရာ၊ မြတ်စွာဘုရား ညွှန်ပြထားခဲ့သော မဂ္ဂရှစ်ပါး အကျင့်တရားသည် သန္တိသုခအဆုံးစွန်၌ ထာဝစဉ်ငြိမ်းချမ်းမှု နိဗ္ဗာန်အထိရရှိနိုင်သော ကိုယ်ကျင့်တရားကောင်းဖြစ်ပါသည်။

မြတ်စွာဘုရား၏ တပည့်သား သာဝကများ ဖြစ်ကြသော ကျေးနူးရှင် "စံကျောင်းဆရာတော်ဘုရား"၏ နိသျရည်းဖြင့် သိပ်သည်းကျစ်လျစ် စနစ်တကျဖွင့်ပြ စီရင်ရေးသားအပ်သော "လောကနီတိအဖွင့် အကျယ်လက်စွဲကျမ်း"၌ ဘဒ္ဒန္တဓေတအရှင်တင်ပြထားသော ကဏ္ဍများ အနက်မှ ရာဇကဏ္ဍကမင်းမြတ်တို့ ကျင့်သုံးအပ်သောတရားကို –

အာယံ၊ ခယံ၊ သယံ၊ ဉာ
ရာဇာ၊ သယံ၊ ကတာ–ကတိ။
နိဂ္ဂဟေ၊ နိဂ္ဂ ဟေတဗ္ဗိ၊
ပဂ္ဂဟေ၊ ပဂ္ဂဟာ ရဟိ။
ရာဇာ ပြည်ထဲသေဌ်နင်းမင်းမည်သည်

www.burmeseclassic.com

www.burmeseclassic.com



(၁) အာယံ၊ သုံးစွဲရန်အတွက် အခွန်အတုတ် မည်မျှထွက်သည်ကို လည်းကောင်း၊

(၂) ခယံ၊ မင်းထံမှိဳကြား၊ မင်းခစားတို့အဖို့ ဘာဂ၊ လခ၊ ရိက္ခာ အရာရာ၌ ကုန်ဖွယ်ဝတ္ထု အစုစုအဝဝ၊ မည်မျှကုန်ကျသည်ကိုလည်းကောင်း၊

(၃) ကတာ–ကတိ၊ မင်းထံခယမ်း၊ မင်းမှုထမ်းတို့၊ ကြိုးပမ်းသမှုပြု၊ မပြုကို လည်းကောင်း၊ သယံ–မိမိကိုယ်တိုင်၊ ဇသာသိအောင်ပြုရာ၏။

(၄) နိဂ္ဂယေတဗ္ဗိ၊ စည်းမျဉ်းထုံးပြ၊ ဆုံးမကွပ်နှိပ်ခြင်းငှာ ထိုက်သောသူကို နိဂ္ဂဟော၊ အာဏာလက်ရုံး၊ အသုံးပြုလတ်၊ နှိပ်ကွပ်အပ်၏။

(၅) ပဂ္ဂဟာရဟံ၊ ဝတ်စားတန်ဆာ၊ ဥစ္စာပစ္စည်း ရာထူးကြီးဖြင့် ချီးမြှင့်ခြင်းငှာ ထိုက်သောသူကို ပဂ္ဂဟော၊ အခါအခွင့်၊ ဉာဏ်နှင့်ချင့်၍ ချီးမြှင့်ထောက်ပံ့ မြှောက်စားရာ၏ဟု ညွှန်ပြထား၏။

တစ်ဖန် ကန်တော်မင်းကျောင်း ဆရာတော်ကလည်း ကျေးရူးရှင်ဖြစ်သောအမိအဘတို့ကို အမြတ်တနိုး ချစ်ခင်စုံမက်၊ ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ရှိသောလေးမြတ်စွာ ရှိခိုးဦးတင်၍ စောင်မကြည့်ရှု ပြုစု လုပ်ကျွေးရာသည်၊ အသက်ကြီးရင့်အိုမင်းသော ဆွေမျိုးတို့ကိုလည်း ရှိသေကိုင်းညွတ် သိမ်းပိုက်ကြည့်ရှု ပြုစုသင့်သမျှ မိမိပြုကျင့်လုပ်ဆောင်ရ မည်ကို –

"မိခင်ဖခင် ကျေးရူးရှင်ကို ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊
ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊
လုပ်ကျွေးခယ၊ ရိုထုတ်လွလျက်၊ ကြီးထသက်အို၊ မျိုးဆွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း၊ ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုတ်သိမ်း၍၊ ခပ်သိမ်းမယွင်း၊ ငြိမ်းစေမင်း”ဟု လောကသာရပျို့၌ ဆုံးမဩဝါဒ ပြုခဲ့ပေသည်။

ထို့ပြင် စာပေအကျော်ဆရာတော် ရှင်မဟာရဋ္ဌသာရကလည်း လူတို့လိုက်နာကျင့်သုံးအပ်သည့် ကိုယ်ကျင့်တရားများကို “လက်သစ်တောင်သာ” ဆုံးမစာ၌–

“လက်သစ်တောင်သာ၊ယုဇနာပေါင်းတာ ပြန့်လောင်းသော်၊ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သား၊ တောင်မြင့်မိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဘခင် ကျေးဇူးရှင်နှင့်၊ ထို့ပြင်တခြား ဘိုးနှင့်ဘွားကို၊ ဘုရားတစ်ဆူ၊ ဂူတစ်လုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွတ်စေရ၊ ရေပူရေအေး လိုရာပေး၍၊ ကျွေးမွေးကြပေ၊ တတွေမှတ်သား၊ အခါးအချို၊ သူတို့ကိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြသဆိုထွေ၊ မျိုတတ်စေ”ဟူ၍လည်းကောင်း၊

အကိုကြီးအား၊ ညီငယ်များလည်း၊ စကားနူတ်ဆက်၊ ဖက်၍၊ မဆို၊ ရိုသေလှစေ၊ ကိုကြီးအစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့မှတ်ပါလေ ဟူ၍လည်းကောင်း၊

ဆွေကြီး မျိုးကြီး၊ အဘကြီးနှင့် ဦးရီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဂုဟ်၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက၊ မသင့်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖော်သားချင်း၊ တဝမ်းတွင်းမှ၊ အရင်းအနှစ်၊
ဖွေစိစစ်၍၊ အပြစ်စုပုံ၊ မခြားထုံသည်၊ အူတုံဖြစ်က၊
ချစ်ကြလေဟူ၍ လည်းကောင်း၊

သေတူရှင်ဘက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊
အခင်းကြီးငယ်၊ ယှိခါဝယ်လည်း၊ မသွေမဖယ်၊ ညီညာ
ကုန်း၍ရန်းကြလေ။

ရှေးကစွန့်ကြဲ၊ ကံရင်းနဲ၍၊ ဆင်းရဲခဲ့ကုန်၊ ကိုယ်
မလုံ၍၊ သူ့ဂုဏ်ပိုင်ပိုင်၊ မဆပ်နိုင်သော်၊ ကိုယ်တိုင်
သူ့အိမ်ရောက်ခိုက် ကြိမ်က၊ မထိမ်မပြုံးဘုရားဖူးသို့၊
ကျေးဇူးရှိထွေ၊ သိတတ်စေ။

တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊
သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ
ဟူ၍လည်းကောင်း –

စသည့်ဖြင့် အပိုဒ်ပေါင်း (၄၃)ပိုဒ် ရေးသားဆုံးမခဲ့ပါသည်။ ၎င်းဆုံးမစာတွင် မိဘဆရာ၊ လူကြီးသူမများကို ရိုသေစွာ ကျွေးမွေးပြုစုအပ်ကြောင်း၊ အကိုအမကြီးသူများကို၊ ရိုသေလေးစားအပ်ကြောင်း၊ မောင်နှမ၊ ညီအစ်ကိုအချင်းချင်း ချစ်ချစ်ခင်ခင် ရှိသင့်ကြောင်း၊ ရဲဘော်ရဲဘက် မိတ်ဆွေများကို ကူညီသင့်ကြောင်း၊ သူ့ကျေးဇူး မမေ့အပ်ကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုသင့်ကြောင်း စသည်ဖြင့် ပြုကျင့်အပ်သည့် ကိုယ်ကျင့်တရားများ ပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ တရားတော်များ၊ သံဃာတော်၏ ဆုံးမသြဝါဒများ၊ ရှေးလူကြီးတို့၏ လက်သုံးစကားများသည် မြန်မာတို့ ကျင့်ကြံပြုမူအပ်သည့် ကိုယ်ကျင့်တရားများ ဖြစ်ကြပါသည်။ ရှေးက မြန်မာတို့သည် မင်းနှင့်တကွ ပြည်သူတစ်ရပ်အားလုံး ထိုဆုံးမသြဝါဒ၊ တရားတော်များကို လိုက်နာကျင့်ကြံ ပြုမူနေထိုင်ကြသောကြောင့် ယဉ်ကျေးသိမ်မွေ့ပြီး နိုင်ငံကြီးသားပီသသည့် အတုယူလောက်သော ကိုယ်ကျင့်တရားကောင်းရှိသူများဖြစ်ကြသည်ဟု ဆိုနိုင်ပါမည်။

## (ခ) မျက်မှောက်ခေတ်မြန်မာတို့ခံယူကျင့်သုံးသည့် ကိုယ်ကျင့်တရား အပြုအမူများ

မျက်မှောက်ခေတ် မြန်မာတို့ခံယူကျင့်သုံးသည့် ကိုယ်ကျင့်တရားအပြုအမူများကို ရှာဖွေတင်ပြရလျှင် "သင်္ဂဇာဆရာတော် ပြုစုစီရင်ခဲ့သည့်" "သင်္ဂါလောဝါဒ ဆုံးမစာအဖွင့်" ကို ၁၉၈၄ – ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနမှ "အရှင်ကောကာသဓမ္မာစရိယ၊ ဂဏဝါစက" က ပြန်လည်ပြုစုထားသည့် "ကျင့်ဝတ်စုံအဖွင့်ကျမ်း"မှ ထုတ်နုတ်၍ တင်ပြပါမည်။ ယင်းကျမ်းတွင် မိဘတို့ ပြုကျင့်ရမည့်ကျင့်ဝတ်နှင့် သားသမီးတို့ ကျင့်ကြံရမည့်ကျင့်ဝတ်များကို –

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်
အတတ်သင်စေ၊ ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်

www.burmeseclassic.com

www.burmeseclassic.com



ဖခင်မယ်တို့တာ။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ့်

မွေ့ခံထိုက်စေ၊ လူ့မျှဝေ၍

စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်

ကျင့်ဖွယ်သားတို့တာ– ဟူ၍လည်းကောင်း ဖော်ပြထားသည်။

ထို့အတူ ဆရာနှင့်တပည့်တို့၏ ကျင့်ဝတ်ကိုလည်း–

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ

သိပ္ပမချန်၊ အေးရန်ဆီးကာ

သင့်ရာအပ်ပို့၊ ဆရာတို့

ကျင့်ဖို့ဝတ်ငါးဖြာ။ ဟူ၍လည်းကောင်း

ညီညာထကြွ၊ ဆုံးမနာယူ

လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး

သင်တွေးအံ့ရွတ်၊ တပည့်ဝတ်

မချွတ်ငါးခုသာ–ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ထို့ပြင်လင်နှင့်မယားတို့၏ ကျင့်ဝတ်များကိုလည်း –

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ

မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်

မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ– ဟူ၍လည်းကောင်း။

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ

မိစ္ဆာကြဉ်ရှောင်၊ လျှော်အောင်ဖြန့်ချိ

www.burmeseclassic.com

www.burmeseclassic.com



ပျင်းရိမမှု၊ ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာဟူ၍–လည်းကောင်း ဖော်ပြထားပါသည်။ ထိုမှတစ်ဖန် သခင်ကျင့်ဝတ်နှင့် ကျွန်ကျင့်ဝတ်များကို–

ဝစွာကျွေးမွေး၊ ပြုရေးစီရင်

နာလျှင်ထူစေ၊ ဝေငှရသာ

အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟောရွတ်ပဉ္စမာဟူ၍ လည်းကောင်း–

အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့

ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်

ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာဟူ၍ လည်းကောင်း ဖော်ပြထား၏။ ဒါယကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များကိုလည်း –

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်

ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား

တတ်အားလှူစေ၊ ငါးခုနေ၊ ပြုလေဒါယကာ ဟူ၍လည်းကောင်း

မကောင်းမြစ်တာ၊ ကောင်းရာကိုလှစ်

အသစ်ဟောကျူး၊ နာဖူးထပ်မံ

နတ်ထံတင်ရာ၊ မေတ္တာလဲပြု

ရဟန်းမှု၊ ခြောက်ခုလွန်သေချာဟူ၍ လည်းကောင်း ဖော်ပြထား၏။ ထို့ပြင် မိတ်ဆွေကျင့်ဝတ်နှင့် အကြီးအကဲကျင့်ဝတ်များကို –

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား

စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ

သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာဟူ၍ လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထကြွနိုးကြား၊ သနားသည်းခံ
ဝေဖန်ကြည့်ရှု၊ ဤခြောက်ခု
ကြီးသူကျင့်ရာ တရားတည်းဟူ၍ လည်းကောင်းရေးသားထား ပါသည်။

"ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးလောကဆရာ၊ ကျင့်ဝတ်မပြေ၊ ပယ်လေးထွေ၊ လားလေရှည်မြင့်ကြာ၊ ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံ ထက်နတ်ရွာ၊ လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့် လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့် ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာ လူ့ပြည်၊ လှည့်သည်အတူ၊ ခံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ မလွတ်သာသည်၊ လေးရွာဖို့လုံး၊ လူဖြစ်ရှုံး" ဟူ၍ အရှင်ကေလာသမ္ဘာစရိယ၊ ဂဏဝါစကက မြန်မာ ဝေါဟာရစစ်စစ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဖော်ပြပါ ကျင့်ဝတ်(ကိုယ်ကျင့်တရား)များသည် ဒီဃနိကာယ်ပါ ထီကဝဂ္ဂပါဠိ၌ သုံးလောကဆရာ မြတ်စွာဟောတော်မူကြောင်းကို သင်္ဂဇာ ဆရာတော်ဘုရားကြီးက ညွှန်းဆိုတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လှည်းဘီးကို ကျွတ်မထွက်ရန်၊ နားစောင့်တပ်သကဲ့သို့ မြတ်စွာဘုရားသည် စည်းကမ်းကျင့်ဝတ် လွတ်မထွက်အောင်၊ ဆိုင်ရာကျင့်ဝတ်များကို ဟောကြားတော်မူခဲ့၏"ဟူ၍ တင်ပြထားပါသည်။

မျက်မှောက်ခေတ်တွင်လည်း မြန်မာတို့သည် မြတ်စွာဘုရား ဟောကြားထားသည့် တရားတော်နှင့်အညီ၊ သံဃာတော်များ ဟောကြားချက်နှင့်အညီ အဘိုးဘွား၊ လူကြီးမိဘများ၏ ဆုံးမသြဝါဒနှင့်အညီ တစ်ဦးနှင့်တစ်ဦး စာနာစိတ်၊ ညှာတာစိတ်များနှင့် ပြုမူဆက်ဆံခြင်း၊ လူကြီးမိဘ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုကိုနာခံခြင်း၊ ကူညီရိုင်းပင်းစိတ်ရှိခြင်း၊ ဖော်ရွေပျူငှာခြင်းစသည့် ကောင်းမြတ်သည့် အကျင့်တရားများ ရှိခဲ့ကြပါသည်။

မိမိတို့ ကိုးကွယ်ယုံကြည်သော ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့် ရတနာသုံးပါး၏အဆုံးအမဩ တည်ခြင်းဖြင့်၊ ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့သော ကိုယ်ကျင့်တရားပိုင်ရှင်များ ဖြစ်လာနိုင်ပေရာ ကိုးကွယ်မှုနှင့် ကိုယ်ကျင့်တရားတို့သည် ဆက်စပ်မှုရှိနေကြောင်း သိသာထင်ရှားပါသည်။ မည်သို့မည်ပုံဆက်စပ်နေသည်ကို အခန်း (၃)တွင် ဆက်လက်တင်ပြသွားပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

## ကိုးကွယ်မှုနှင့်ကိုယ်ကျင့်တရားသဘောတို့၏ ဆက်နွှယ်နေပုံ

"ကိုးကွယ်မှုနှင့်" "ကိုယ်ကျင့်တရား"သည် လူ့သမိုင်းစဉ်တွင် နီးနီးစပ်စပ် ဆက်စပ်မှုရှိနေပါသည်။ နှစ်ခုလုံးသည် လူသားတို့၏ပင်ကို အရည်အသွေးပေါ်တွင် အလေးထားပြီး၊ လူ့အပြုအမူများနှင့် ပတ်သက်နေလေသည်။ အထူးသဖြင့် "ကိုယ်ကျင့်တရား"သည် လူ့တန်ဖိုးအခန်းကဏ္ဍ၊ တစ်နည်းအားဖြင့် ပြုမူလုပ်ဆောင်ရန်အလေးထားသော လိုအင်ဆန္ဒ၊ ကောင်းခြင်း၊ မှန်ကန်ခြင်းတို့နှင့် သက်ဆိုင်နေပေသည်။ ကိုးကွယ်မှုသည် မိမိသက်ဝင်ယုံကြည်သော ဘာသာတရားတစ်ခုခု၏ ပူဇော်အထူးကို ခံယူထိုက်သော ပုဂ္ဂိုလ်တစ်ဦးဦးအား အမှန်တကယ်ယုံကြည်မှု၊ သဒ္ဓါစစ်စစ်ဖြင့် ရှိခိုးပူဇော်ခြင်းတို့ကို လိုရာလူ့အပြုအမူနှင့်ပင် သက်ဆိုင်နေပေသည်။

သုံးလောကထွတ်ထား၊ ဗုဒ္ဓမြတ်စွာဘုရားကို ယုံကြည်ကိုးကွယ်သူသည် ဗုဒ္ဓ၏တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်သူဖြစ်၍ စိတ်ထားဖြူစင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သူ ဖြစ်ပေသည်။ ရတနာသုံးပါးကို အလေးထား ကိုးကွယ်မှုမပြုသူသည် နှုတ်ကြမ်း၊ စိတ်ကြမ်း ကိုယ်ကြမ်းဖြစ်ပြီး၊ ကိုယ်ကျင့်တရား အပြုအမူများမှာလည်း နူးညံ့သိမ်မွေ့ယဉ်ကျေးမှုမရှိ ဖြစ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်နှင့်ပတ်သက်၍ ကိုးကွယ်မှုနှင့် ကိုယ်ကျင့်တရားတို့ ဆက်စပ်နေပုံကို သာဓကတစ်ခု ပြလိုပါသည်။

အင်းဝခေတ် သာလွန်မင်းကြီးလက်ထက်၌ အလွန်ထင်ရှားသောတောင်ဖီလာဆရာတော်နှင့် ရွှေဥမင်ဆရာတော်တို့၏ တွေ့ဆုံပုံကို ကြည့်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာကို ကိုးကွယ်ယုံကြည်ကြသော ဆရာတော်နှစ်ပါးသည် မာန်မာနမရှိ၊ မိမိတို့ကိုယ်ကိုနှိမ့်ချပြီး တစ်ဖက်သားကို ဦးစားပေးခြင်း၊ တစ်ဦးကိုတစ်ဦး လေးစားကြည်ညိုခြင်းစသည့် ကိုယ်ကျင့်အပြုအမူ ဖြူစင်ကောင်းမွန်ကြသည်ကို တွေ့မြင်နိုင်ပေသည်။

ရွှေဥမင်ဆရာတော်သည် ပခန်းကြီးမြို့၌ လူသူတော်ကပ္ပိယတစ်ဦးနှင့်သာ နေတော်မူသည့် ဆရာတော်ကြီးဖြစ်ပြီး တောင်ဖီလာဆရာတော်နှင့်တွေ့ဆုံပုံမှာ လွန်စွာစိတ်ဝင်စားဖွယ်၊ ကြည်ညိုဖွယ်ကောင်းလှသည်။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ သက္ကရာဇ် ၁၁၉၉ ခုနှစ် တွင် အရှင်ဝိနန္ဒာသဘခေါ် တတိယ နံမော်ဆရာတော်ဘုရားကြီး ရေးသားပြုစုသော နာမည်ကျော် "သီလဝိသောဓနီကျမ်း" (၈၅–၈၈)မှ မူရင်းအတိုင်း ကောက်နုတ်ဖော်ပြပါမည်။

နေရင်း မဏိရတနာဘုန်းကြီးဘုရား၊ ဗုဗ္ဗာရုံဘုန်းကြီးဘုရားပခန်း ရွှေဥမင် "ဓမ္မာဓိ" ဘုန်းကြီးဘုရားတို့သည် ခပ်သိမ်းကုန်သော ဆရာတော်တို့၏ ဆရာလည်းဖြစ်သည်။ ကျမ်းဂန်၌လည်း လွန်သူမရှိ၊ အဟုတ်အဟတ် တတ်မြောက်တော်မူကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သာလွန်မင်းတရားလက်ထက် ပခန်းသာဂရဝတ်ကျဉမင်ဝယ် သီတင်းသုံးနေသော ဝိနည်းငါးကျမ်း၊ ပါဠိအဌကထာနိဿယ စီရင်သည့် ရွှေဥမင်ဘုရားထံ သာလွန်မင်းတရားဆရာတော် တောင်ဖီလာကျော်ဘုရားသည် ကိုယ်တော်တိုင်ကြွ၍ "ငါစီရင်သည့်ဝိနည်းနိဿယနှင့် သူစီရင်သည့် ဝိနည်း နိဿယကိုတိုက်ဆိုင်မည်"ဟု လှူရန်လက်ဆောင်အများနှင့်လာသည်။

ထိုအခါ ရွှေဥမင်ဘုရားလည်း အလုပ်အကျွေးသူတော်စင် လူတပည့်တစ်ယောက်နှင့်သာ ခေါင်းပါးသောအသုံးအဆောင်ဖြင့် နေတော်မူ သည်တွင် ပရိသတ်နောက်ပါအများနှင့် မင်းဆရာတော်ရောက်လာသည်ကို ဝတ်ပြုရန် (ခင်းရန်) မရှိ၍ သုံးတော်မူသည့် စမ္ဗခဏ် (သားရေနွယ်အခင်း)ကို ခါ၍နေရာပေးသည်။

ပညာရှိနှစ်ဦး မရက်မစက် (ချစ်ခင်ရင်းနှီးစွာ တာဝန်ကို ကျေအောင်) နှုတ်ဆက်၍ ဖက်လဲတကင်းပြုကြသည်။ သာရဏီယကထာ (အောက်မေ့ဖွယ်မမေ့နိုင်သောစကား) အဆုံးတွင် –

"ပရိသတ်ခြွေရံနည်းသည် ကြောက်တော်မမူလော" ဟု မင်းဆရာမိန့်တော်မူသည်ကို –

"ကြောက်၍ပင် (တောထဲ၌) ပရိသတ်အနည်းနှင့်နေပါသည်" ဟု ရွှေဥမင်ဆရာတော်ဘုရား စကားပြန်သည်ကို မင်းဆရာတော်က –

"ဩ – ငါကား မကြောက်တတ်သူဖြစ်ခဲ့ပြီ"ဟု နှလုံးပိုက်တော် မူသည်။ ထို့နောက်ပါလာခဲ့သည့် လှူရန်လက်ဆောင်အသီးသီးကို မင်းဆရာ လက်နှင့်ကိုင်၍ "သင်္ကန်းပါဘုရား၊ အရှင်မဟာကဿပကို ဘုရားရှင်သည်

www.burmeseclassic.com

www.burmeseclassic.com



ကပ်လှူသော ဒုကုဋ် (နှစ်ထပ်သင်္ကန်း)ကဲ့သို့ မွန်မြတ်သော မင်းကျောင်းဖဲလှူ၍ ရသောဝတ္ထု (ပစ္စည်း)ပါ၊ သံသရာကိုချိုးမြှင့်သဖြင့် သုံးဆောင်တော်မူပါ"ဟု လှူသည်ကိုလက်နှင့်ခံ၍၊ "သာဓု - သာဓု၊ ရွှေစည်းခုံကိုလှူပါ၏။" ဆို၍ ချထားသည်။ ဤသို့လျှင် လှူလှူသမျှဝတ္ထုကိုပင် ဤကဲ့သို့ချည်းဆို၍ ချထားသည်ကိုမြင်၍ -

"သြော် - ငါကား မင်းဆရာ (မင်းအကိုးကွယ်ခံ) ဖြစ်၍ ငါ့ပစ္စည်း၌ ရွံရှာနိုးသဖြင့် ဤသို့ပြုချေသည်"ဟု နှလုံးပိုက်တော်မူသည်။ စိတ်မည်သို့မျှ ဒေါသမရှိ (စိတ်မခု)။ ရွှေဥမင်ဘုရား၏ (သဘော)ကား -

"ဤအရှင်မြတ်သည် မင်းကျောင်းဖဲဆရာတော်ဖြစ်လျက် ကိုယ်တိုင် ငါ့သို့လာရောက်၍ ပူဇော်သက္ကာရအများနှင့် ငါ့အားပူဇော်သည်။ ငါကား သူကဲ့သို့ပူဇော်ရန် ဝတ္ထုမရှိသောကြောင့် ပစ္စည်း၊ ပရိသတ်ခြွေရံကိုစွန့်၍ တောနေခြင်းအကျိုးငှာ မြတ်သောအနုသာသနီ (ဆုံးမ) စကားနှင့်ပူဇော်အံ့" ဟု ရည်ရွယ်၍ ဆိုတော်မူသည်။ ပစ္စည်း၌ ရွံရှာသည်ကို စွဲ၍မဆို။

ထို့နောက် ရွှေဥမင်ဆရာတော် စီရင်တော်မူသည့် ဝိနည်းနိဿယကိုတောင်း၍ကြည့်လျှင် - "ငါစီရင်သည့်နိဿယသည် ကျယ်သည်။ သူစီရင်သည့် နိဿယကား ကျဉ်းသည်။ သည်မှု (နှင့်)ပင် နောင်သားတို့မှီရာ (အားကိုးရာ) ဖြစ်လောက်ပြီး နှစ်နည်းရှိသဖြင့် လောကဝယ် ဘုရားနှစ်ဆူပြိုင်၍ ပွင့်သော် သတ္တဝါတို့၌ သူ့ဘုရားသာသည်၊ ငါ့ဘုရားသာသည် အငြင်းအခုံသာ ဖြစ်၍ အကျိုးမရှိရာကဲ့သို့ရှိတော့မည်" ဟု (အောက်မေ့လျက်) ကိုယ်စီရင်သည့် နိဿယကို စေတီပြင်မှာမီးပူဇော်၍ ပြန်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဝင်အကျော် ဆရာတော်ဘုရားကြီးနှစ်ပါးသည် ဖက်လဲတကင်း ပြောဆိုနှုတ်ဆက်ကြပြီးနောက် ကျောင်းမှဆင်း၍ ပြန်သည်တွင် ရွှေဥမင်ဆရာတော်ကလိုက်ပို့ရာ တောင်ဖီလာဆရာတော်က "ကျွန်ုပ်က မင်းဆရာ ဖြစ်သည်၊ ငါ့ရှင်ရှေ့ကကြွပါ"ဟု နှိမ့်ချ၍ဆို၏။ မင်းဆရာဖြစ်၍ ရှေ့ကကြွသည်ဟု သူတကာထင်မည်စိုး၍ ဖြစ်သည်။

ရွှေဥမင်ဆရာတော်ကလည်း – "ငါ့ရှင် မင်းဆရာဖြစ်ပေသည်၊ ရှေ့ကကြွပါ"ဟုလျှောက်၏။ မင်းဆရာကိုပင် မခန့်မညား ရှေ့ကကြွသည်ဟု သူတကာထင်မည်စိုး၍ဖြစ်သည်။

ပုဂ္ဂိုလ်ကျော်နှစ်ပါး ရှောင်တခင်ပြောဆိုသော စကားနှင့် စပ်လျက် သာသနာ့ဝင်တွင် နှုတ်မင်္ဂလာမှတ်တမ်းကြီးအဖြစ် တွင်ကျန်ရစ်ခဲ့၏။ ပညာရှိ သူတော်ကောင်းကြီးများဖြစ်တော်မူကြသော ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ပြောဆိုပြုမူပုံ ယဉ်ကျေးစွာဆုံးမပုံ ဆုံးမခံရသူကလည်း ရိုသေကျိုးနွံစွာ လောကီဂုဏ်သိက္ခာကို မငဲ့ဘဲလိုက်နာပုံတို့မှအစ ချီးကျူး၍မကုန်နိုင်အောင် ရှိပါပေသည်။

တောင်ဖီလာဆရာတော်လည်း ထိုမှအပြန် ဂါမဝါသီရွာနေ မင်းဆရာအဖြစ်ကို ရှက်ရွံတော်မူသဖြင့် ဆီးတော်မင်းဝံတောင်ရိုး (ယခု စစ်ကိုင်းတောင်အရှေ့ချောက်ကြား) တောင်ဖီလာတောရ၌ အရညကင်ခိုဝင်တော်မူ၏။ ဤနေ့သည် ဆရာတော်သက်တော် (၆၀) ပြည့်သော သက္ကရာဇ် တစ်ထောင်ပြည့်နှစ် တပေါင်းလပြည့်နေ့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ မြတ်ဘုရားအား လေးလေးနက်နက် ကိုးကွယ်ယုံကြည်ပြီး ဘုရား၏အဆုံးအမ တရားတော်အတိုင်း လိုက်နာကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်ကျော်ကြီးနှစ်ဦး၏ ပြုမူပြောဆိုဆက်ဆံကြသည့် ကိုယ်ကျင့်တရားများမှာ နူးညံ့သိမ်မွေ့ခြင်း၊ လောဘသက္ကာယမရှိခြင်း၊ သူတပါးကဲ့ရဲ့မည်ကို စိုးရိမ်တတ်သော ဟိရိဩတ္တပ္ပရှိခြင်း မိမိကိုယ်ကို နှိမ့်ချ၍ မာန်မာနကင်းခြင်းစသည့်ကောင်းမြတ်သော ကိုယ်ကျင့်အပြုအမူများ ရှိကြရာ ကိုးကွယ်မှုနှင့် ကိုယ်ကျင့်တရားသည် ဆက်စပ်လျက်ရှိသည်မှာ ထင်ရှားလှပေသည်။

ထို့ပြင်ဇာတက၊ သရဘင်္ဂဇာတိတော်တွင် ဗုဒ္ဓမြတ်စွာက "အကြင်သူသည် သူတစ်ပါးကျေးဇူးကိုသိတတ်၏။ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တတ်၏။ သူတော်ကောင်းနှင့် ပေါင်းသင်း၏။ မိတ်ဆွေဖြစ်သူ ဆင်းရဲနှိမ့်ကျသွားသော်လည်း မျက်နှာမလွှဲ ခိုင်မြဲသောမိတ်ဆွေဖြစ်၏။ ဆင်းရဲသော်သူ၏အမှုကိစ္စကို ဂရုစိုက်၍ ဆောင်ရွက်တတ်၏။ ထိုသို့သဘောရှိသူကို သူတော်ကောင်းဟု ဆိုကြကုန်၏"ဟု ဟောကြားထားရာ ဗုဒ္ဓမြတ်စွာကို ကိုးကွယ်သူသည် အဆုံးအမတရားတော်နှင့်အညီ ကျင့်ကြံအားထုတ်ခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းရှိသော သူတော်ကောင်းပုဂ္ဂိုလ် ဖြစ်လာနိုင်ပေသည်။

မြတ်စွာဘုရားက မဟာသာရောပမသုတ်တွင် "သာသနာတော်ကြီး၏ အနှစ်သာရသည် မဂ်ဖိုလ်နိဗ္ဗာန်သာ ဖြစ်သည်။ သတ္တဝါတိုင်းစွဲမက်သည့် အသက်၏အနှစ်သာရသည် ဝိပဿနာတရား ရှုမှတ်ပွားများခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ စီးပွားဥစ္စာ စိန်ရွှေရတနာ၏အနှစ်သာရသည် ပေးကမ်းလှူဒါန်းခြင်း ဖြစ်သည်။ ဤခန္ဓာကိုယ်ကြီး၏ အနှစ်သာရသည် ကိုယ်ကျင့်တရား သီလများသာဖြစ်သည်"ဟု ဟောကြားတော်မူခဲ့၏။ သို့ဖြစ်၍ လူတို့ ကိုးကွယ်သော မြတ်ဘုရား၏တရားတော်များသည် "အကျင့်သီလ" များ ဖြစ်ရာ "ကိုးကွယ်မှုနှင့်ကိုယ်ကျင့်တရား" မှာ ဆက်စပ်လျက်ရှိနေပေသည်။

ရှေးမြန်မာတို့သည်လည်းကောင်း၊ မျက်မှောက်ကာလ မြန်မာတို့သည်လည်းကောင်း၊ ဘာသာတရား ကိုင်းရှိုင်းကိုးကွယ်သူများသည် ဂုဏ်အားဖြင့်လည်းကောင်း၊ အသက်အားဖြင့်လည်းကောင်း၊ ရှိသေထိုက်သူကို ရိုရိုသေသေဆက်ဆံ၍ ညှာတာအပ်သူကို ကြင်နာတရား မေတ္တာထား၍ ညှာတာတတ်ကြပေသည်။ ဘာသာတရားလက်လွတ်ပြီး ကိုးကွယ်မှုမရှိသူများသည် ပစ္စုပ္ပန်အကျိုးကိုသာကြည့်ပြီး သံသရာဝဋ်ဆင်းရဲကို မမြင်တတ်ကြသဖြင့်အတ္တကြီးသူ ရိုင်းစိုင်းခက်ထန်သူ၊ မေတ္တာတရားခေါင်းပါးသူများဖြစ်၍ ကိုယ်ကျင့်တရား မကောင်းသူများ ဖြစ်ကြပေသည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ယူကြသော မြန်မာကလေးများသည် ဘုရားဝတ်ပြုတတ်ခြင်း၊ ဘုန်းတော်ကြီး၏ ဆုံးမသြဝါဒများကို ခံယူခြင်းဖြင့် မိဘဆရာသမား၊ လူကြီးများရှေ့တွင် ခါးညွတ်၍သွားခြင်း၊ လူကြီးများထံမှ တစ်စုံတစ်ရာခံယူပါက လက်နှစ်ဖက်ဖြင့် ရိုရိုသေသေယူခြင်း၊ ရွယ်တူချင်းတစ်ခုခုပေးပါက လက်နှစ်ဖြင့် ယဉ်ကျေးစွာ ပေးခြင်း စသည့်ကိုယ်ကျင့်တရား အပြုအမူများသည် မြန်မာတို့၏ ချစ်ဖွယ် ဂုဏ်ယူဖွယ် အပြုအမူများ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

# မြန်မာတို့၏ကိုးကွယ်မှုနှင့် ကိုယ်ကျင့်တရားသဘောတို့ကို "လောကသာရပျို့"မှ ကောက်နုတ်တင်ပြခြင်း

"လောကသာရပျို့" ဟူသည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်းဟူသော "လောက" သုံးပါးတို့နှင့် ပတ်သက်၍ အနှစ်သာရရှိသော ပြုမူကျင့်ကြံအားထုတ်အပ်သည့် အကျင့်တရားတို့ကို ပျို့လင်္ကာဖြင့် သီကုံးဆုံးမထားသော ဆုံးမစာဖြစ်ပါသည်။ ယင်း လောကသာရပျို့တွင် –

(၁) မင်း၊ ပုဏ္ဏား သူကြွယ်၊ သူဆင်းရဲဟူသော အမျိုးလေးပါးတို့အား လိမ္မာယဉ်ကျေး၊ နည်းပေးလမ်းပြ ဆိုဆုံးမသော စတုဗ္ဗဏ္ဏကဏ္ဍ။

(၂) မင်းအားသက်သက် ပြက်ပြက်ထင်ထင် ပေါ်လွင်စွာ ဆိုဆုံးမအပ်သော ရာဇကဏ္ဍ။

(၃) ပုဏ္ဏားတို့အား ကျင့်တရားကို မှတ်သားလိုက်နာ လိမ္မာ ယဉ်ကျေးစေရန် နည်းပေးဆုံးမ ဩဝါဒမူရာဖြစ်သော ဗြဟ္မဏကဏ္ဍ။

(၃) ခု ရှိသည့်အနက် "စတုဗ္ဗဏ္ဏကဏ္ဍ" တွင် ကန်တော်မင်းကျောင်းဆရာတော်က "မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲ" စသည့်အမျိုး

www.burmeseclassic.com

www.burmeseclassic.com



လေးပါးတို့အား လိမ္မာယဉ်ကျေး နည်းပေးလမ်းပြ ဆုံးမထားရာ မြန်မာ့ကိုးကွယ်မှုနှင့် ကိုယ်ကျင့်တရား သဘောတို့ကို ထိုအခန်းကဏ္ဍတွင် ရှာဖွေတွေ့ရှိရပါသည်။

## (၁) မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှု

ကန်တော်မင်းကျောင်းဆရာတော်က "အမျိုးလေးပါး လူအများတို့ မှတ်ယူလိုက်နာရန်၊ အကျင့်သီလနှင့် ပြည့်စုံသည်ဖြစ်၍ သူတော်သူမြတ်ဟုဆိုအပ်သော ငါဆရာတော် ဟောဖော် ပြောဆိုပေအံ့" အကျိုးလည်းရှိ စီးပွားလည်းဖြစ် စေတတ်သော ငါ၏ အကောင်းညွှန်ကြားချက်ကိုလိုက်နာရန် အားထုတ်ပါလော့" ကောင်းကင်၌ နေထင်ရှားသကဲ့သို့ လောက၌ ထင်ရှားလှစွာသော ဘုရား၊ တရား၊ သံဃာတည်းဟူသော ထွတ်မြတ်သော ရတနာသုံးပါးကို အစဉ်မပြတ် အလွန်လေးမြတ်စွာ မှီဝဲဆည်းကပ်ရန် အားထုတ်ပါ ဟူသည့်အဓိပ္ပာယ်ဖြင့် –

"ကြားစိမ့်သူမြတ်၊ အများမှတ်စိမ့်၊ ဟိတတ္ထိက၊
ဩဝါဒဖြင့် ဆုံးမပေးထွေ နားဝင်စေလော့၊ နေသို့ထင်ရှား၊
ဘုရား၊ တရား၊ သံဃာ ရတနာထွတ်ထား မြတ်သုံးပါးကို
ဦးဖျားထိပ်ထက်၊ အမြဲရွက်၍၊ စုံမက်သဒ္ဓါ ကြည်စေမင်း"
ဟူ၍ ပျို့လင်္ကာဖြင့် ဆုံးမထားသည်ကို တွေ့မြင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆုံးမစာအရ မြန်မာတို့သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာ(၃)ပါးကို အမြတ်တနိုးထားအပ်သည့် ရတနာအဖြစ် ကြည်ညိုကိုးကွယ်ကြကြောင်း သိရှိနိုင်ပါသည်။

လောကသာရပျို့၏ အပိုဒ်(၄)တွင် ချစ်မြတ်နိုးသူအတွက် မချစ်မမြတ်နိုးသူအပေါ်၌ မတရားပြုသူ၊ မုန်းသူအပေါ်၌ မတရားပြုသူ၊ ကြောက်ရသောသူအတွက် တစ်ပါးသူအပေါ်၌ မတရားပြုသူ၊ မိမိကိုယ်တိုင်မိုက်မဲသောအမှား ပြုမိသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်လေးဘုံသို့ ကျရောက်တတ်ကုန်၏။ ထို့ကြောင့်ထိုမလိုက်စားအပ်သော တရားလေးပါးမှရှောင်ကြဉ်၍ လူဖြစ်သော် လူ့စည်းစိမ်ကိုခံစားလျက်၊ လူ့ပြည်မှသေလွန်သော် နတ်ပြည်၌ နတ်စည်းစိမ်ချမ်းသာကိုစံစားလျက် လူ့စည်းစိမ်တစ်လှည့်၊ နတ်စည်းစိမ်တစ်လှည့် စံစား၍အဆုံး၌နိဗ္ဗာန်သို့ရောက်စေတတ်သည်ကို “လက်သမားသည် လယ်၌မျို့စေ့များကိုကြဲ၍ပေါက်သောပျိုးပင်များကို စည်ကားသန်မာအောင် စောင့်ရှောက်ပြုစုသကဲ့သို့အလှူပေးခြင်း၊ ကောင်းသောအကျင့်သီလကို ဆောက်တည်ခြင်း အစရှိသောပုညကိရိယာဝတ္ထု (၁၀)ပါးတည်းဟူသော ကောင်းမှုတို့ကို ပြုလေပြီးနောက်ငါကောင်းမှုပြုရပေသည်ဟု အမြဲဝမ်းမြောက်သည်ကိုပြုရန် အားထုတ်လေ” ဟူ၍ အဂတိ (၄)ပါးကိုရှောင်ရန် ပုညကိရိယာ (၁၀)ပါးကို ဆည်းပူးရန်အဓိပ္ပာယ်ဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"ဆန္ဒာဒေါသ၊ ဘယာမောဟ အပါယ်ကျသား၊ ဓမ္မလေး
မည်၊ ဂတိတည်၍ လူ့ပြည်နတ်ရွာ၊ ချမ်းသာကောင်းမွန်
စံစုံဆန်လျက် နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ၊
လျှဒါနနှင့် ပုညလယ်မြေ၊ စိုက်ကြဲထွေဖြင့်၊ မျိုးခြေအပင်
စည်စေမင်း"ဟူ၍ ဆုံးမထားသည်ကို တွေ့ရပါသည်။

ယင်းဆုံးမစာအရ မြတ်စွာဘုရား၏ ဟောကြားထားသော တရားတော်နှင့်အညီ အဂတိမလိုက်စားရန်၊ ပုညကိရိယာ (၁၀) ပါးကောင်းမှုကုသိုလ်ပြုရန် ညွှန်ကြားထားရာ မြန်မာတို့သည် ထိုဆုံးမစာနှင့်အညီ ကိုယ်ကျင့်တရားကို ကျင့်ကြံအားထုတ်ကြပြီး ဗုဒ္ဓ၏အဆုံးအမ၌ တည်နေကြကြောင်း သိရှိနိုင်ပါသည်။

လောကသာရပျို့၏ အပိုဒ် (၇) တွင် သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးယူခြင်း၊ အရက်သေစာသောက်စားခြင်း၊ လင်အစရှိသော အထိန်းရှိမိန်းမတို့ကို ကျူးလွန်ခြင်း၊ လိမ်ညာပြောဆိုခြင်းကိုရှောင်ရှားရန် မြတ်ဗုဒ္ဓ၏ လူတို့ကျင့်ကြံအားထုတ်အပ်သော သီလငါးပါးနှင့် မာန်မာန မထောင်လွှားဘဲ မြတ်စွာဘုရားဆု၊ ပစ္စေကဗုဒ္ဓါအစရှိသော ဆုကြီးတစ်ပါးပါးကိုရည်ရွယ်၍ အလှူပေးခြင်းကိုပြုရန်၊ ခိုက်ရန်ဖြစ်၍ တစ်ပါးသူက လွန်လျှင်လည်း အမျက်ထွက်ခြင်း၊ မာန်ထောင်ခြင်းတို့ကို ချုပ်တည်းရန် ဟောကြားထားသော တရားတော်ကို ကန်တော်မင်းကျောင်းဆရာတော်က–

www.burmeseclassic.com

www.burmeseclassic.com



"ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသေစာ၊
အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်
ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊
ဆုကြီးရည်၍၊ မကြည်ခိုက်ရန်၊ သူကျူးလွန်လည်း၊
စောင်းမာန် မပြင်း၊ နုစေမင်း" ဟူ၍ ဆုံးမထားပါသည်။

မြန်မာလူမျိုးများသည် ငါးပါးသီလကို စောင့်ထိန်းကြပြီး မိမိကိုယ်ကိုနှိမ့်ချ၍ အလှူဒါနပြုကြသူများဖြစ်ရာ ဗုဒ္ဓ၏တရားတော်ကို ရိုသေလေးစားလိုက်နာကြ၍ ဆရာတော် သံဃာတော်၏ အဆုံးအမအတိုင်း ကိုယ်ကျင့်တရား လက်ကိုင်ထားကြသူများဖြစ်ကြောင်း သိရှိနိုင်ပါသည်။

လောကသာရပျို့ အပိုဒ် (၁၀)တွင် သင်္ခါရတည်းဟူသော ပြုပြင်ခြင်းတရားအလုံးသည် အမြဲမရှိကုန်။ ထိုမတည်မြဲသော ပြုပြင်ခြင်းတရားအလုံးသည် ဆင်းရဲဒုက္ခမှ ဖြစ်ကုန်၏။ မတည်မမြဲ၊ ဆင်းရဲခြင်းနှင့်၊ ဆက်ဆံသော ခန္ဓာငါးပါး သဘောတရားအလုံးသည် ကိုယ်မဟုတ်ကုန် "ငါကောင်" ဟု မှတ်ထင်ဖွယ် မဟုတ်ကုန်ဟူ၍ အစဉ်မပြတ် နှလုံးသွင်းပါ။ ထိုသို့ နှလုံးသွင်းခြင်းဖြင့် ကိုယ့်ကိုယ်ကို အထပ်ထပ်အပြန်ပြန် ဆုံးမနှိမ့်ချပါ။ တရားချပါ။ စက်ရဟတ်သည် မရပ်မနား လည်နေသကဲ့သို့ ရုပ်နာမ်တရား ငါးပါးသည် ဖြစ်ပေါ်ပြီးသည်နှင့်တစ်ပြိုင်နက် ချုပ်ပျောက်လိုက်၊ ချုပ်ပျောက်ပြီးသည်နှင့်တစ်ပြိုင်နက် ဖြစ်ပေါ်လိုက်၊ ဤသို့ မျက်စိတမှိတ်အတွင်း အကြိမ်များစွာ ဖြစ်ပေါ်ချုပ်ပျောက်ခြင်း၊ ဘဝအားဖြင့်လည်း လူဖြစ်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



နတ်ဖြစ်လိုက်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဖြစ်လိုက်နှင့် တလည်လည် တပတ်ပတ်ဖြစ်ရခြင်း ဆင်းရဲကို ထိတ်လန့်ကြောက်ရွံ့ခြင်းသည် ကိုယ်၏အရိုးထဲ၊ အရေပြားထဲ၊ အသဲနှလုံးထဲတို့မှာ စွဲ၍နေပါစေဟူသော အဓိပ္ပာယ်ရသည့် ဗုဒ္ဓဘုရားရှင်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာသုံးပါးကို ခန္ဓာဉာဏ်ရောက်၍ ကြောက်ရွံ့ကြပြီး ဝိပဿနာတရား ပွားများအားထုတ်ရန် ညွှန်ကြားထားသည့်အတိုင်း ကန်တော်မင်းကျောင်း ဆရာတော်က–

> "အနိစ္စနှင့်ဒုက္ခ၊ အနတ္တ သုံးပါလက္ခဏာ၊ မချာအောက်မေ့၊
> တစေ့စေ့လျှင်၊ အလေ့အထ၊ ကွပ်ဆုံးမ၍ ပဋ္ဌခန္ဓာ၊
> ငါးဖြာနာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဖန်၊ စိတ်အတန်သို့၊ ဖန်တ
> လဲလဲ၊ ဝဋ်ဆင်းရဲကို ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်၊
> ရိုးရေသည်းတွင်း၊ ကျိန်းစေမင်း" ဟူ၍ ဆုံးမထားပါသည်။

ယင်းဆုံးမစာနှင့်အညီ မြန်မာနိုင်ငံတွင် လက္ခဏာသုံးပါးကို ရှုမှတ်၍ တရားအားထုတ်ရသော ကမ္မဋ္ဌာန်းကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် (၇) ရက်စခန်း၊ (၁၀)ရက်စခန်းစသည်ဖြင့် ဝိပဿနာဘာဝနာကို ပွားများအားထုတ်ကြသော မြန်မာယောဂီများ စသည်တို့ရှိကြရာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတော်များ၏ ဆုံးမမှုအတိုင်း ကိုယ်ကျင့်တရားကောင်းသူများ ဖြစ်ကြပါသည်။ မြတ်ဘုရားနှင့် ဓမ္မတရားများကို ရိုရိုသေသေ မြတ်မြတ်နိုးနိုးဖြင့် ကိုးကွယ်ယုံကြည်သူများဖြစ်ကြောင်း သိရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ မြန်မာတို့၏ ကိုယ်ကျင့်တရားများ

လောကသာရပျို့ အပိုဒ် (၂)တွင် အမိသည်လည်းကောင်း၊ အဖသည်လည်းကောင်း၊ ဆရာသည်လည်းကောင်း၊ အသက်ရှည်အောင် အနာရောဂါ ကင်းရှင်းအောင်၊ ကောင်းကျိုးဖြစ်အောင်၊ ပုတ်ခတ်သင့်က ပုတ်ခတ်၍ အစဉ်မပြတ် ညွှန်ကြားသွန်သင်ကြကုန်၏။ ထိုသို့ ညွှန်ကြားသွန်သင်သော အမိ၊ အဖ ဆရာတို့၏ ပြောဆိုချက်အတိုင်း လိုက်နာပါလော့၊ ရှင်းပြင်လည်း ကျမ်းဂန်ကိုလည်း သိမြင်တတ်မြောက်အောင် သင်ယူပါ။ ကျမ်းစာသင်မှု၌ ပေါ့လျော့ခြင်း၊ အကျိုးမဲ့ လည်ပတ်ခြင်းတို့ကို ရှောင်ပါ။ သူတစ်ပါး၏ကောင်းသော အပြုအမူကိုသာ အတုယူပါ။ ကုသိုလ်ကောင်းမှု ပြုရန်နှစ်သက်ပါ။ အစစအရာရာ၌ အကောင်းဖြစ်အောင် ကြိုးစားသောအားဖြင့် ကောင်းကျိုးရရန် အားထုတ်ပါဟူသော အဓိပ္ပာယ်ဖြင့် –

"အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊
ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍
ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ့လွင့်မပြု
ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်
ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဟူ၍ ဆုံးမထား
ပါသည်။

ယင်းဆုံးမစာနှင့်အညီ မြန်မာတို့သည် မိဘဆရာသမားများအား ရိုသေလေးစားကြပြီး မိဘဆရာသမားများစကားကို နားထောင်၍ ပညာကို ကြိုးစားသင်ယူခြင်း၊ ကောင်းသောအတုကို မိမိတို့ရှေ့မြေတောတောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီအောင် ပြုပြင်အသုံးပြုခြင်းများ ပြုလုပ်ဆောင်ရွက်ကြပါသည်။ ကောင်းမှုကုသိုလ်ကို မြတ်နိုး၍ ကောင်းအောင်ကြိုးစားသည့် ကိုယ်ကျင့်တရားကောင်းများ လက်ကိုင်ထားကြပါသည်။ လောကသာရဆုံးမစာ၏ အပိုဒ် (၅)နှင့် (၆)တွင် –

အကုသိုလ်ဖြစ်စေတတ်သော အပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့ကို အမြဲရှောင်ရန်၊ မည်သည့်သတ္တဝါကိုမဆို ဘေးရန်ကင်းကွာ ချမ်းသာစေလိုသောစိတ်ရှိရန်၊ စေတနာကြည်ဖြူထက်သန်စွာနှင့် ပေးလှူ၍ အလှူအဖို့ကို အမျှဝေရန်၊ ယခုဘဝ၌ ခံစားရမည့် ချမ်းသာစီးပွား၊ နောင်ဘဝ၌ ခံစားရမည့် ချမ်းသာစီးပွားနှစ်ပါးစုံကို သိမြင်တတ်သော စိတ်သဘောလည်း ဖြောင့်မတ်တည်ကြည်သော ပညာရှိသူတော်ကောင်းကို မပြတ်ချစ်ခင်လျက် အကျွမ်းတဝင်ဖြစ်အောင်ပြုပြီးလျှင် အမြဲတစ်ဖြောင့်တည်း ပေါင်းဖက်ရန်နှင့်–

မျက်စိအမြင်နှင့်တူသော ပညာဉာဏ်ကင်း၍ အမှန်တရားကို မသိသဖြင့်၊ အယူဝါဒမှားယွင်းလျက်ရှိသော အကျိုးစီးပွားကိုလည်းမမြင်၊ မထင်တတ်သောအမူအကျင့်လည်း ဆိုးယုတ်သော လူမိုက်လူယုတ်မာကို ရန်သူစစ်ကဲ့သို့ မကြိုက်မချစ်၊ မနှစ်သက်ဘဲ အဝေးကရှောင်ရန်၊ ပေါင်းသင်းဆက်ဆံခြင်းမပြုရန် အဓိပ္ပာယ်ဖြင့် ကန်တော်မင်းကျောင်းဆရာတော်က–

"ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို၊ မေတ္တာ
သက်ပေ၊ လှူဘို့ဝေ၍၊ စိတ်စေကြည်သန် သဘောမှန်သား၊
ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊
သူတော်မြတ်ကို မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍၊ မြဲပင်
စင်းလျဉ်း၊ ပေါင်းယှဉ်မင်း" ဟူ၍လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



"ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ် ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍ အမြဲခွာရှင်း၊ ဖဲကြဉ်မင်း" ဟူ၍လည်းကောင်း၊ ဆုံးမထားပါသည်။

ထိုဆုံးမချက်နှင့်အညီ အတတ်ပညာမရှိ၊အကျိုးမရှိ၊လုပ်ကိုင်တတ်သည့် လူမိုက်များကို ဝေးစွာရှောင်၍ အသိတရားလက်ကိုင်ထားပြီး ပညာဗဟုသုတကြွယ်ဝသည့် သူတော်ကောင်းများကိုသာ မြန်မာလူမျိုးများသည် ဆည်းကပ်ခင်မင်တတ်ကြပါသည်။ လူမိုက်ကိုရှောင်ပြီး ပညာရှိကို ဆည်းကပ်တတ်သည့် ကိုယ်ကျင့်အပြုအမူများ ရှိကြပေသည်။ လောကသာရပျို့၏ အပိုဒ် (၉)တွင် မိမိရှာဖွေယူဆောင်လာသော ဉစ္စာပစ္စည်းများကို အိမ်မှာသိုထားရာ၌ လွတ်ရာသင့်ရာမှာ သိမ်းဆည်းထားသည့်အတူ အရပ်လေးမျက်နှာမှ ရောက်လာသော ဆွမ်း၊ သင်္ကန်း စသည်တို့ကို မပြည့်စုံသော ရဟန်း၊ ပုဏ္ဏားများကို ကြင်နာရှိသေစွာ ဆွမ်းသင်္ကန်း ပေးလှူကျွေးမွေးခြင်းဖြင့် မိမိထံ၌ ငြိမ်းချမ်းစွာရှိကြအောင် အားထုတ်ရန်

"စတုဒိသာလေးမျက်နှာမှ ရောက်လာအများ၊ ပုဏ္ဏားရဟန်း၊ ဆွမ်းပန်းချို့တဲ့ရိက္ခာမဲ့ကို၊ ဆည်းခဲ့ဉစ္စာ အိမ်လှောင်ခါ၌လွယ်ကာထားယူ၊ ထိုသသူကို၊ လိုတူမှတ်သာ၊ သနားမြတ်လေး၊ ဝတ်စားပေး၍၊ ကျွေးမွေးထံရင်း၊ ငြိမ်းစေမင်း" ဟူ၍ ဆုံးမထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ဆုံးမစာနှင့်အညီ မြန်မာတို့သည် မိမိတို့ နေအိမ်သို့ရောက်လာကြသော ခေတ္တဧည့်သည် ညဥ့်အိပ်ဧည့်သည် ဟူသမျှကို ဖော်ရွေမှု၊ သဒ္ဓါတရားဖြင့် ကျွေးမွေးဧည့်ခံလေ့ရှိကြရာ နှစ်လိုဖွယ်ကောင်းသော မြန်မာ့ကိုယ်ကျင့်တရား လက္ခဏာတစ်ခု ဖြစ်ပါသည်။

လောကသာရပျို့ အပိုဒ် (၁၂)တွင် လယ်လုပ်ခြင်း၊ တစ်ရပ်မှ တစ်ရပ်သို့ကုန်ကူးခြင်း၊ ရရန်အကြွေးကို တောင်းခံခြင်း ငွေတိုးချခြင်း အစ ရှိသောအလုပ်အကိုင်အမျိုးမျိုး၌ တွက်ဆခွဲဝေခြင်းတွင် လိမ္မာစေရန် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဝမ်းဘဲ စသော တိရစ္ဆာန်များကို ကြက်ကိုပင်မချန်ဘဲ ပြင်းစွာအားထုတ်၍ မွေးရန်၊ ကုန်သေးမှစ၍ ကုန်မျိုးစုံကိုဝယ်၍ ရောင်းရန်၊ ပဲပြောင်း၊ စပါးတို့ကို ကျီ၌အပြည့်သွင်းထားရန်၊ ရွှေ၊ ငွေ တို့ကိုစုဆောင်းရှာမှီး ရန်နှင့် မိမိတို့၏အမျိုး အဆွေများ မှီခိုလောက်အောင် ဥစ္စာပစ္စည်းကြွယ်ဝ ပေါများအောင် အားထုတ်ရန်–

"လယ်လုပ်ကုန်သွယ်၊ကြွေးဆယ်မြီချ၊တွက်ဆစိပ်ပြား၊ အပါးပါးလျှင်၊ အပွားအရင်း၊ လတွင်းတက်တိုး၊ တပိုး နှစ်လည်၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြဲ၊ လုပ်ကြဲကြိုးစား၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဝမ်းဘဲငှက်နှင့် ကြက်ကမကြွင်း၊ သိမ်မွေးပြင်းလျက်၊ များခြင်းစုံစီ၊ ဖန်တီးဝယ်ရောင်း၊ ထပ်ကာလောင်းလျက် ပဲပြောင်းစပါး၊ ကျီပြည့်ထား၍၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်၊ မျိုးဆွေမှီတင်း ကြွယ်စေမင်း" ဟူ၍ ဆုံးမထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆုံးမစာနှင့်အညီ မြန်မာတို့သည် လယ်ယာလုပ်ကိုင်ခြင်း၊ ကုန်ကူးသန်းရောင်းဝယ်ခြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက် စသည့်မွေးမြူရေးများ လုပ်ကိုင်ခြင်း၊ပဲပြောင်း၊စပါးများကို အပြည့်သိုလှောင်၍ ဆွေမျိုးမိတ်သင်္ဂဟများကို ထောက်ပံ့ပေးကမ်းတတ်သော အကျင့်တရားများ ရှိကြပါသည်။

လောကသာရပျို့ အပိုဒ် (၁၈)တွင် စေ့စေ့စပ်စပ်၊ ကျစ်ကျစ် လျစ်လျစ်၊ တဖြည်းဖြည်းပေါင်းစုသည်ရှိသော် ကြီးစွာသောအိုးသော် ခွက်သော် ပင်လည်း အိမ်တံစက်မြိတ်က ရေပေါက်အကျတာရှည်လျှင် ပြည့်လေသည်ကို စံယူ၍လည်းကောင်း၊ ပျားများသည် တစ်ကြိမ်လျှင် ပန်းရက်အနည်းငယ်စီ ဆောင်ယူ စုပေါင်းသဖြင့် ပျားလဖို့ကြီးပြုလုပ်သည့် အခြင်းအရာကို မှတ်ယူ၍ လည်းကောင်း၊ ခြကောင်များသည် တစ်ကြိမ်လျှင် မြေမှုန့်အနည်းငယ်စီ ဆောင်ယူစုပို့သဖြင့် တောင်ပို့ဖြစ်လာသည့် အခြင်းအရာကို မှတ်ယူ၍ လည်းကောင်း၊ အလိမ္မာဉာဏ်ရှိသူတို့သည် ဥစ္စာရှာဖွေစုဆောင်းမှုကိုပြုကြရန် ကြွက်သေတစ်ကောင်နှင့် ရင်းနှီးရောင်းဝယ်ခြင်းအားဖြင့် ဥစ္စာကြွယ်ဝ၍ သူဌေးဖြစ်အောင် လုပ်တတ်သောသူ၏အကြောင်းကို နှလုံးသွင်းလျက် နက်နဲစွာစိတ်ကူးကြံစည်၍ သူတစ်ပါးထက် ဥစ္စာပစ္စည်း ပိုကဲပေါများအောင် အားထုတ်ရန်–

"စေ့မြွေသိပ်သည်း ရွေ့ရွေ့ဆည်းလော့၊ စရည်းအိုးခွက်၊
ကြီးစွာလျက်လျှင်၊ တစ်စက်ကျများ၊ ပြည့်သောလားသို့၊
ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊ ဖို့သည့်
ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လုစေလော့၊

www.burmeseclassic.com

www.burmeseclassic.com



ကြွက်သေတစ်ခု၊ အရင်းပြု၍ ကြွယ်မှုတတ်ဆုံး၊ သူဌေး
ထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်၍၊ သူ့ထက်လွန်ကဲ
ကြွယ်စေမင်း” ဟူ၍ ဆုံးမထားပါသည်။

ယင်းဆုံးစာအတိုင်း မြန်မာတို့သည် လုံ့လဝီရိယစိုက်ထုတ်၍ ရရှိလာသောဝင်ငွေများကို စားလဲစား၊ လှူလည်းလှူ စုလဲစု၍ အေးချမ်းကြွယ်ဝမှုရှိရန် ပြုမူလုပ်ဆောင်တတ်ကြပါသည်။

လောကသာရပျို့ အပိုဒ် (၂၁)တွင် လူအပေါင်းနှင့် စေ့စပ်ရောနှောဆက်ဆံရာ၌ သူချစ်ခင်နှစ်သက်ဖွယ် ချိုသာစွာပြောဆို၍ စိတ်ပါလက်ပါ မြတ်နိုးစာနာလောကွတ်ပြုရန်၊ လူမှုကိစ္စ၌လည်း အမျိုးမျိုးသောပြုဖွယ်၊ ဆောင်ဖွယ်များကိုလည်း ပြုတိုင်းပြုတိုင်း လည်းလည်ပတ် တိတိရိရိ ပြီးစီးအောင်ပြုရန်၊ သိကျွမ်းဖူးသူဖြစ်စေ၊ မသိကျွမ်းဖူးသူဖြစ်စေ၊ မိမိပေါင်းသင်းဆက်ဆံရသော လူမှန်သမျှကိုလည်း အမိအဖနှင့် တွေ့ရဘိသကဲ့သို့ ခင်မင်ကြည်ဖြူချိုသာစွာပြောဆိုရန်၊ မိမိ၏ အဆွေတော်သူအားလည်းကောင်း၊ သားမြေးမြစ်တို့အားလည်းကောင်း၊ ကျေးကျွန်အားလည်းကောင်း၊ အဝတ်အစားအထောက်အပံ့ ပြည့်စုံဖွံ့ဖြိုးစွာ ကျွေးမွေးပေးကမ်းလျက် မညှိုးငယ်အောင်ပြုရန်။

“ပျူပျူငှာငှာ လူတကာကို၊ သာသာချိုချို၊ ချစ်ဖွယ်
ဆို၍၊ စိုစိုပြည်ပြည် ကျင့်မှုနည်းဖြင့်၊ လည်လည်ပတ်ပတ်၊
လောကဝတ်၌၊ ပြတ်ပြတ်သားသား၊ အပြားပြားလျှင်၊
မှုများခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်၊ သူစိမ်းသူကျက်၊
ပေါင်းဘက်သရွေ့၊ မိဘတွေ့သို့၊ မွေ့မွေ့လျော်လျော်၊

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့် ဝတ်စားထောက်ပင့်၊
ဖြန့်ဖြူးဆင့်လျက်၊ အတင့်ကျွန်ကျေး၊ ဆွေသားမြေးကို
ကျွေးမွေးမညှိုးငယ်စေမင်း" ဟူ၍ဆုံးမထားပါသည်။

ယင်းဆုံးမစာနှင့်အညီ မြန်မာတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ပျူငှာချိုသာယဉ်ကျေးစွာ ပြုမူဆက်ဆံတတ်ပြီး၊ သူစိမ်းသူကျက်မခွဲခြားဘဲ မိဘနှင့်တွေ့သကဲ့သို့ လှိုက်လှဲခင်မင်တတ်သည့် အကျင့်တရား ရှိကြပါသည်။ ဆွေမျိုးသားချင်း၊ မြေးမြစ်ကျေးကျွန်တို့ကိုလည်း သဒ္ဒါတရားပြည့်စွာနှင့် ကျွေးမွေး ပေးကမ်း စောင့်ရှောက်တတ်သော ကိုယ်ကျင့်တရား အပြုအမူများ ရှိကြပါသည်။

မြန်မာတို့သည် မြတ်ဗုဒ္ဓ၏ ဆုံးမညွှန်ပြသော တရားတော်၊ တပည့်သံဃာတို့၏ သွန်သင်ဆုံးမအပ်သော တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်အပ်သော ကိုယ်ကျင့်သီလများရှိကြ၍ ယဉ်ကျေးသိမ်မွေ့သော အမူအရာ၊ ဖြူစင်ရိုးသားသောစိတ်ဓာတ်၊ ပျူငှာဖော်ရွေသောစကားဖြင့် ပေါင်းသင်းဆက်ဆံတတ်သည့် ကိုယ်ကျင့်တရားရှိသူများ ဖြစ်ကြပါသည်။

မင်းနှင့်ပြည်သူအများသည် ရှေးအစဉ်အလာအရ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုယ်ကျင့်တရားများကို စဉ်ဆက်မပြတ် ယခုတိုင် စောင့်ထိန်းလျက် လူမျိုးဘာသာ၊ သာသနာအကျိုးကို ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်လျက် ရှိပါသည်။ ဆွေမျိုးသားချင်း၊ မြေးမြစ်ကျေးကျွန်တို့ကိုလည်း သဒ္ဒါတရားပြည့်စွာနှင့် ကျွေးမွေးပေးကမ်း စောင့်ရှောက်တတ်သော ကိုယ်ကျင့်တရား အပြုအမူများ ရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့သည် မြတ်ဗုဒ္ဓ၏ ဆုံးမညွှန်ပြသော တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်အပ်သော ကိုယ်ကျင့်သီလများရှိကြ၍ ယဉ်ကျေးသိမ်မွေ့သောအမူအရာ၊ ဖြူစင်ရိုးသားသောစိတ်ဓာတ်၊ ပျူငှာဖော်ရွေသော စကားဖြင့် ပေါင်းသင်းဆက်ဆံတတ်သည့် ကိုယ်ကျင့်တရားရှိသူများ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အမေရိကန်ပြည် ကိုလိုရာဒိုနယ်၊ လောင်းတောင်တန်း[၁] ခြေရင်း၌ အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှိခဲ့ဖူး၏။ ထိုသစ်ပင်ကြီးသည် အမေရိကန်ပြည်ကို (Columbus) စ၍တွေ့သည့်အချိန်ကစပြီး အစေ့ကျ၍ ပေါက်သည်ဟုဆို၏။ သို့ဖြစ်၍ ထိုသစ်ပင်ကြီးသည် အနှစ်လေးရာကျော်မျှ သက်တမ်းရင့်ခဲ့သော အထင်ကရသစ်ပင်ကြီး ဖြစ်လေသည်။ ထိုအနှစ်လေးရာကျော်ကာလအတွင်း ထိုသစ်ပင်ကြီးသည် လေဒဏ်၊ မုန်တိုင်းဒဏ်တို့ကို ကြံ့ကြံ့ခံခဲ့၏။ ထိုသစ်ပင်ကြီးသည် မိုးကြိုးဆယ့်လေးကြိမ် အပစ်ခံခဲ့ရသော်လည်း မဖြိုပေ။ ရေကြီး၍ ရေအလျဉ်များသည် ထိုသစ်ပင်ကြီးကို အကြိမ်မရေနိုင်အောင် တိုက်ခိုက်သွားကြသော်လည်း အရေးမထားခဲ့။ ထိုမျှကြံ့ကြံ့ခိုင်ခဲ့သော်လည်း တစ်နေ့သောအခါ ထိုသစ်ပင်ကြီးခြေရင်းသို့ သစ်ပိုးတစ်အုပ်ဝင်ကာ တစ်စ တစ်စ တဖြည်းဖြည်းနှင့်ကိုက်ဖြတ်လေရာ နောက်ဆုံးသစ်ပင်ကြီးသည် ဗုန်းဗုန်းလဲ ပြိုသွားရလေသည်။ ဘာမျှမပြောပလောက်သည့် လက်ညှိုးနှင့်လက်မကြား တို့တွင် ညှပ်သတ်ပစ်နိုင်သော ပိုးကောင်ကလေးများ တဖြည်းဖြည်း တတိတိ ကိုက်ဖြတ်ရာမှ အနှစ်လေးရာကျော်အထိ မုန်တိုင်းဒဏ် မိုးကြိုးဒဏ်၊ ရေဒဏ်တို့ကို ကြံ့ကြံ့ခံခဲ့သော သစ်ပင်ကြီးမှာ ပြိုလဲရသကဲ့သို့ မပြောပလောက်ဟုထင်ရသော

---

၁။ Long's Peak

www.burmeseclassic.com

www.burmeseclassic.com



မကောင်းသောအပြုအမူကို တစ်စတစ်စပြုမိပါက အကြိမ်အရေအတွက်များလာသည့်အခါတွင် မကောင်းသောအကျင့်စရိုက်ဆိုးအဖြစ် ရောက်ရှိကာ ကျွန်ုပ်တို့ဘဝတစ်ခုလုံး ပြိုကျပျက်စီးသွားနိုင်လေသည်။

ဖော်ပြပါယူဆချက်ကို ခြွင်းချက်မရှိ၊ လက်ခံနိုင်ကောင်းမှ လက်ခံနိုင်မည်ဖြစ်သော်လည်း အကျင့်ကောင်း၊ စာရိတ္တကောင်းမရှိသောသူတစ်ဦးသည် အောင်မြင်မှုထက် ကျရှုံးခြင်းသို့ဦးတည်ရန် အခွင့်အလမ်းများသကဲ့သို့ အကျင့်ကောင်းစာရိတ္တကောင်းတို့ချို့တဲ့သော လူများစုဝေးရာလူ့အဖွဲ့အစည်းတစ်ရပ်သည်လည်း အောင်မြင်တိုးတက်ခြင်းထက် ကျဆုံးပျက်စီးခြင်းသို့ဦးတည်ရန် အခွင့်အလမ်းများနိုင်ပေသည်။ ထို့ကြောင့် အကျင့်စရိုက်တို့ ဖြစ်ပေါ်အောင် ဖန်တီးပေးသည့် အခြေအနေ အကြောင်းတရားများအနက် “လူမှုပတ်ဝန်းကျင်” သည် အရေးကြီးသော အခြေအနေ၊ အရေးကြီးသော အကြောင်းတရားဖြစ်သည်ဟု ယူဆနိုင်ပါသည်။ လူများစွာနှင့်ဆက်ဆံရသည့် လူမှုပတ်ဝန်းကျင်မှ အကျင့်စရိုက်များသည် လူပုဂ္ဂိုလ်၌ထိတွေ့မှု အကြိမ်ကြိမ်အရေအတွက်များလာသည့်အခါ မကြိုက်နှစ်သက်သောအကျင့်စရိုက်များ ဖြစ်သော်လည်း မိမိအပေါ် ထိတွေ့လာသော အကြိမ်အရေအတွက် များလာမှုကြောင့် လက်ခံသွားတတ်ခြင်း မျိုးလည်းရှိ၏။ ဤသို့ဖြင့် ပတ်ဝန်းကျင်မှ အကျင့်စရိုက်များသည် လူပုဂ္ဂိုလ်ထံ ကူးစက်ဖြစ်ပေါ် ဖွံ့စည်းသွားနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် ဇာတကတစ်နေရာ၌ တိရစ္ဆာန်သော်မှမကောင်းသည့် ပတ်ဝန်းကျင်နှင့် ထိတွေ့ခံရမှုများခြင်းကြောင့် အကျင့်စရိုက်ဆိုး ကူးစက်ခံရပုံ၊ မကောင်းသောပတ်ဝန်းကျင်ကို ကောင်းသောပတ်ဝန်းကျင်အဖြစ် ဖန်တီးပေးပါက ကောင်းသောအကျင့်စရိုက်များ ဖြစ်ပေါ်နိုင်ပုံကို ဖော်ပြထား၏။ ထိုဇာတက၌ ဘုရင်မင်းမြတ်၏ မြင်းကို မြင်းထိန်းသည် နေ့စဉ်မြင်းစောင်းမှ ဆွဲထုတ်ကာ ထိန်းကျောင်းရ၏။ မြင်းထိန်းမှာ ခြေခွင်သူဖြစ်လေသည်။ ခြေခွင်သောမြင်းထိန်းက နေ့စဉ်ထိန်းကျောင်းဖန်များသောအခါ မြင်းသည်လည်း မြင်းထိန်းကဲ့သို့ ခြေခွင်လျက်လျှောက်၏။ ထိုသို့ခြေခွင်လျက် လျှောက်ဖန်များရာမှ အကျင့်ပါသွားကာ “ခြေခွင်သောမြင်း” ဖြစ်သွား၏။ ထိုသို့ မြင်းခြေခွင်၍ လျှောက်ခြင်းသည် ရောဂါတစ်ခုခုကြောင့်ဟု ထင်မှတ်ကာ ဘုရင်မင်းမြတ်က သမားတော်များကိုခေါ်၍ ကုသခိုင်း၏။ သို့ရာတွင် မြင်း၏ခြေခွင်ခြင်းကား မပျောက်နိုင်ချေ။ ဤတွင် ပညာရှိတစ်ဦးက အခြေအနေတို့ကို သုံးသပ်ပြီးနောက် ခြေခွင်သောမြင်းထိန်းနေရာ၌ အသွားအလာ ဖြောင့်မတ်တောင့်တင်းသော မြင်းထိန်းသစ်ကိုခန့်၍ ပတ်ဝန်းကျင်ကောင်းကိုဖန်တီးပေးလိုက်၏။ ထိုအခါမှ မြင်း၏ခြေခွင်၍လျှောက်သောအကျင့်မှာ ပျောက်ကင်းသွားလေ၏။

မကောင်းသောသူ၊ မကောင်းသောဆရာသမားတို့နှင့် ပေါင်းရောမိပါက မကောင်းမှုတို့က မိမိထံသို့ပါ ကူးစက်သွားတတ်သည်။ ဆရာသမားကောင်း အကျင့်ကောင်းရှိသူ လိမ္မာရေးခြားရှိသူတို့နှင့် ပေါင်းဖော်သောအခါတွင်မူ မိမိသည်လည်း လိမ္မာကောင်းမွန်သူ၊ အကျင့်သီလကောင်းရှိသူ ဖြစ်လာတတ်ပုံကို ဗုဒ္ဓသည် အောက်ပါကဲ့သို့ ဟောပြောခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတော်ကောင်း၊ သူယုတ်မာ၊ သီလရှိသူ၊ သီလမရှိသူတို့ကို မှီဝဲဆည်းကပ်သူသည် မှီဝဲဆည်းကပ်ခံရသူတို့အလိုသို့ လိုက်တတ်၏။ ငါးပုပ်ကို သမန်းမြက်နှင့်ထုပ်သောအခါ သမန်းမြက်သည်လည်း အပုပ်နံ့နံသကဲ့သို့ ထိုအတူ လူမိုက်နှင့်ပေါင်းဖော်သောအခါ ပေါင်းဖော်သူလည်းလူမိုက် ဖြစ်လာရ၏။ မွှေးသောတောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့်ထုပ်သောအခါ ပေါက်ဖက်သည်လည်း အမွှေးနံ့ သင်းပျံ့သကဲ့သို့ ထို့အတူ လူလိမ္မာနှင့်ပေါင်းဖော်သောအခါ၌ ပေါင်းဖော်သူသည်လည်း လူလိမ္မာဖြစ်လာရ၏ဟု (သတ္တိဂုမ္ဗဇာတ်၊ ဝိသတိနိပါတ်ငါးရာ့ငါးဆယ်ဇာတကဌ) ဟောကြားခဲ့၏။

များသောအားဖြင့် လူတို့သည် နားဖြင့်သင်ယူခြင်းထက် မျက်စိဖြင့် သင်ယူတတ်ကြ၏။ ကြားရခြင်းထက် ကိုယ်တိုင်ဒိဋ္ဌမြင်တွေ့ ရခြင်းတို့အပေါ် ပို၍ထိခိုက်စွဲလမ်းတတ်ကြ၏။ အထူးသဖြင့်ဤအချက်သည် ငယ်ရွယ်သူများ၌ ပို၍ထင်ရှား၏။ အဘယ်ကြောင့်ဆိုသော် သူတို့အရွယ်၌ မျက်စိသည် အသိဉာဏ်စတင်ဖြစ်ပေါ်ဝင်ရောက်ရာ တံခါးဝသဖွယ် ဖြစ်သောကြောင့်တည်း။ ကလေးငယ်များသည် သူတို့မြင်တွေ့သမျှအပေါ် မသိမသာ အတုယူတတ်ကြသည်။ အင်းဆက်ပိုးကောင်ငယ်တို့၏ အရောင်သည် ၎င်းတို့စားသုံးသောသစ်ရွက်များ၏ အရောင်အတိုင်း လိုက်ပါပြောင်းလဲသွား တတ်ကြသကဲ့သို့ ကလေးငယ်များသည်လည်း ၎င်းတို့ပတ်ဝန်းကျင်ရှိ လူများကဲ့သို့ ဖြစ်သွားတတ်ကြ၏။

စင်စစ်အားဖြင့် စံနမူနာပြယုဂ်သည် ကိုယ်တိုင်က နှုတ်အားဖြင့် သင်ကြားညွှန်ပြ ဆုံးမဩဝါဒပေးနေခြင်းမရှိသော်လည်း အထိရောက်ဆုံးသော

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားညွှန်ပြနိုင်သူဖြစ်၏။ စံနမူနာသည် ဩဝါဒစကားထက် ပိုမိုထိရောက်မြဲဖြစ်၏။ လိုက်နာကျင့်ဆောင်ရန်စည်းကမ်း ဥပဒေကောင်းများ ချမှတ်ခြင်းသည်များစွာကောင်းပါ၏။ ထို့ထက်စည်းကမ်းဥပဒေများကို ရှေ့မှရှေ့ဆောင်အဖြစ်တကယ်တမ်းလိုက်နာပြကြသည့် စံနမူနာပြပုဂ္ဂိုလ်များရှိခြင်းက ပို၍ထိရောက်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ မြန်မာတိုင်းရင်းသားအားလုံးသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သောနိုင်ငံကြီးသား ပီသသူများဖြစ်ကြရန် မိမိတို့ကိုယ်ကို စံနမူနာထား၍ တစ်ဦးချင်းစီကောင်းမြတ်သည့် အကျင့်သီလနှင့် ပြည့်စုံရန် ကျင့်ကြံအားထုတ်ကြရပေမည်။ ဌာနဆိုင်ရာအလိုက် ရိုးသားကြိုးစား၍ တာဝန်များကိုထမ်းဆောင်ကြပြီး တစ်ဦးနှင့်တစ်ဦးကူညီရိုင်းပင်းကြရပေမည်။ ကောင်းသောအမြင်၊ ကောင်းသောအတွေး၊ ကောင်းသောအလုပ်၊ အသက်မွေးမှုကို ပြုသင့်ကြပါသည်။

ပုဂ္ဂိုလ်တစ်ဦးက "တိုင်းနိုင်ငံများသည် အထွတ်အထိပ်သို့ ရောက်လာကြပြီးနောက် ထိုအဆင့်မှနေ၍ တန်ခိုးအာဏာဂုဏ်သိက္ခာတို့ လျော့ကျပျက်စီးသွားခြင်းမှာ ထိုတိုင်းနိုင်ငံတို့ရှိ ပြည်သူပြည်သားတို့၏ အကျင့်စာရိတ္တဆုတ်ယုတ် ကျဆင်းသောကြောင့်ပင်ဖြစ်သည်။ ရောမအင်ပါယာကြီး ကျဆင်းပျက်သုဉ်းသွားခြင်းသည် စီးပွားရေးချို့တဲ့သွားမှုကြောင့်လည်း မဟုတ်၊ ပြင်ပရန်သူတို့၏ တိုက်ခိုက်ခြင်းကို ခံရမှုကြောင့်လည်းမဟုတ်၊ စင်စစ် ပြည်သူ

* Ethics for Today P.82.

www.burmeseclassic.com

www.burmeseclassic.com



ပြည်သားတို့၏ အကျင့်စာရိတ္တ ဆုတ်ယုတ်ပျက်ပြားသွားမှုကြောင့်ပင် ဖြစ်သည်"* ဟု ဖော်ပြထား၏။

သို့ဖြစ်၍ ကိုယ်ကျင့်တရားသည် လူတိုင်းလူတိုင်းအတွက် အလွန်အရေးပါသောအချက်ဖြစ်ပြီး နိုင်ငံတော်နှင့်ပါသက်ဆိုင်နေရာ မြန်မာနိုင်ငံရှိ မြန်မာတိုင်းရင်းသားအားလုံး ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်ရန် ပြုမူကျင့်ကြံဖို့လိုအပ်ပေသည်။ ကောင်းမြတ်သည့် လူတော်လူကောင်းများဖြစ်ရန် တစ်နည်းအားဖြင့် "ကိုယ်ကျင့်တရား" ကောင်းမွန်ရန် ဗုဒ္ဓဆိုဆုံးမခဲ့သည့် မင်္ဂလာရှစ်ပါးအကျင့်တရားများနှင့်အညီ ကျင့်ကြံအားထုတ်ရန်လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း


| | |
|---|---|
| ၁။ အရှင် ကေလာသ ဓမ္မာစရိယ ဂဏဝါစက | ကျင့်ဝတ်ရုံအဖွင့်ကျမ်း ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ၁၉၈၄။ |
| ၂။ ကန်တော်မင်းကျောင်းဆရာတော် | ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့နှင့် ဦးဘိုးဖြူအဖြေ။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃။ |
| ၃။ ကန်တော်မင်းကျောင်းဆရာတော် | ကန်တော်မင်းကျောင်း မေတ္တာစာနှင့် တောင်တွင်းမင်းကျောင်းအဖြေ။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉။ |
| ၄။ ကြည်ဦး၊ ဦး | ရှေးထုံးစဉ်လာမြန်မာမှုများ ရန်ကုန်မြို့၊ နန်းဦးစာပေ၊ ၁၉၆၉။ |
| ၅။ ဆန်းမောင်၊ ဦး | ဗုဒ္ဓအလိုတော်ကျ "ရဟန်းကျင့်ဝတ်၊ လူကျင့်ဝတ်"။ ရန်ကုန်မြို့၊ မြို့မစာအုပ်စဉ်၊ ၁၉၇၈။ |
| ၆။ ဉာဏိသာရ(သဲကုန်းဆရာတော်) သပိတ်အိုင် | ဘဝတန်ဖိုး တရားတော်။ ရန်ကုန်မြို့၊ ပြည်သူ့အလင်းပုံနှိပ်တိုက်၊ ၁၉၈၂။ |


www.burmeseclassic.com

www.burmeseclassic.com




၇။ ဒွေးလှိုင်၊ ဦး (ဓမ္မာစရိယ) — မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။ ရန်ကုန်မြို့၊ ဗုဒ္ဓအသံစာပေ၊ ၁၉၇၇။

၈။ တက္ကသိုလ် သောထုဇန — "ပုဂ္ဂိုလ်ထူးဆိုရင် ကြည်ညိုစရာလား" (သာသနာတက္ကသိလာ)နှင့်"ကိုးကွယ်မှု မှန်ကန်ရေး၊ ဓမ္မစာစုများ" ရန်ကုန်မြို့၊ ရွှေပဒေသာစာပေ၊ ၁၉၉၇။

၉။ ထွန်းမြင့်၊ ဦး (ဒဂုံ) — ဗုဒ္ဓ၏ဩဝါဒအမြုတေ (ဒုတိယနှိပ်ခြင်း) ရန်ကုန်မြို့၊ ရွှေတည်စာပေ၊ ၁၉၇၃။

၁၀။ နန္ဒာသိန်းဇံ — ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် (ဒုတိယအကြိမ် ပုံနှိပ်ခြင်း)။ ရန်ကုန်မြို့၊ လှိုင်းသစ်စာပေ၊ ၁၉၈၅။

၁၁။ နန်းညွန့်ဆွေ — ဟံသာဝတီဆုံးမစာပေါင်းချုပ်။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁။

၁၂။ ပညာသာမိ၊ ဦး (မာဂဓိ – သာစည်) — အခါတော်နေ့များ ရန်ကုန်မြို့။ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၉၃။

၁၃။ ဘဒ္ဒန္တ ဇောတ၊ အရှင် — လောကနီတိဖွင့် အကျယ်လက်စွဲကျမ်း၊ (ဒုတိယတွဲ) ရန်ကုန်မြို့၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၇။


www.burmeseclassic.com

www.burmeseclassic.com



၁၄။ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန — ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်။ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၉၂။

၁၅။ သာသနာရေး ဦးစီးဌာန — မဟာဝိဇယစေတီတော် သမိုင်းအကျဉ်း။ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၂။

www.burmeseclassic.com